ကြေးမုံ
The Mirror Daily
၁၉၅၇ ဖြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ် ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ **လောကဝဂ်(ဓမ္မပဒ-၁၇၂)**

၁၃၀၆ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ အင်္ဂါနေ့။ Tuesday, 10 September 2024 ၁၁၅၇ဖ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စဥ်ကွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံတက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၉

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံတက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

ကြည့်ရှုအားပေး

အဆိုပါ ဗိုလ်လုပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနကိုယ်စားပြုအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။



ယနေ့ ဖတ်စရာ

ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေး

စာမျက်နှာ » ၇

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ

စာမျက်နှာ » ၉

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ၂၀၂၄
ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရန် (၂၀) ရက်သာ လိုတော့သည်။
IMMIGRATION

အမျိုးသားရေးလုပ်ငန်းစဉ်အောင်မြင်ရေး အားလုံးပါဝင်ကူညီဆောင်ရွက်

မြန်မာနိုင်ငံတွင် ဆယ်နှစ်တစ်ကြိမ်ကောက်ယူသည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို မကြာမီကာလတွင် ကောက်ယူတော့မည်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူခြင်းကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က “သန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်နေ့အထိ အတတ်နိုင်ဆုံး ရသည့် နေရာများတွင် သတ်မှတ်ချက်အတိုင်း ကောက်ယူရန်နှင့် မကောက်ယူနိုင်သည့်နေရာများတွင် လုံခြုံရေးများ ထပ်မံချထားပြီး ကာလသတ်မှတ်၍ မြေပြင်အမှန် ရသမျှ ကောက်ယူရန်” လမ်းညွှန်မှာကြားထားသည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်က စက်တင်ဘာလ ၆ ရက်နေ့တွင် ပြုလုပ်သော ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က “နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ကို လိုက်နာဆောင်ရွက်ရန်နှင့် ရှေ့ပြေးစာရင်းထုတ်ပြန်မည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမတိုင်မီ ရသမျှအပြီးကောက်ယူရန်” မှာကြားခဲ့သည်။ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းသည် ပြည်လုံးကျွတ် တစ်ပြိုင်တည်း ဆောင်ရွက်ရသည့် အမျိုးသားရေးလုပ်ငန်းစဉ်ကြီးဖြစ်သည်။ သို့သော် လက်ရှိဖြစ်ပေါ်နေသော လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေတို့ကြောင့် အချို့ဒေသများတွင် တစ်ချိန်တည်းမကောက်ယူနိုင်သဖြင့် လမ်းညွှန်ချက်အတိုင်း ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြီးမားကျယ်ပြန့်သောလုပ်ငန်းဖြစ်သည်။ သန်းခေါင်စာရင်းစီမံကိန်းတစ်ခုလုံး အောင်မြင်စေရန် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ အသေးစိတ်စီမံချက်ရေးဆွဲပြီး လုပ်ငန်းစဉ်အလိုက် အချိန်ဇယားသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၃၆ လ ကြာမြင့်ခဲ့ပြီး မကြာမီကာလတွင် အကောင်အထည်ဖော်မှုပြီးစီးတော့မည်ဖြစ်သည်။ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ထိထိရောက်ရောက် စနစ်တကျ ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ မြေပြင်ကွင်းဆင်း သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်သည်။

ကြိုတင်ပြင်ဆင်မှုလုပ်ငန်းအများစုကို သန်းခေါင်စာရင်းလုပ်ငန်းကြီးအား တာဝန်ယူဆောင်ရွက်ရသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တစ်ခုတည်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သို့သော် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းအများစုသည် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများသာမက လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးကပါ ပူးပေါင်းပါဝင် လက်တွဲဆောင်ရွက်ရမည့် အမျိုးသားရေးလုပ်ငန်းစဉ်ကြီးဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းသည် လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်ပြီး ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှု မဖြစ်မနေလိုအပ်သည်။ လက်ရှိတွင် အချို့ဒေသများ၌ ဖြစ်ပေါ်နေသောအခြေအနေများအရ မြေပြင်တွင် အခက်အခဲများ၊ စိန်ခေါ်မှုများ မလွဲမသွေကြုံတွေ့ရမည်ဖြစ်သည်။ သို့သော် စီမံချက်ပါအတိုင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံနိုင်ရန်၊ တစ်ယောက်မကျန် စာရင်းကောက်ယူနိုင်ရန်၊ မေးမြန်းသမျှအပေါ်တွင် မှန်မှန်ကန်ကန် ဖြေကြားနိုင်ရန်နှင့် လိုအပ်သည့် ကိန်းဂဏန်းအချက်အလက်များရရှိစေရန် ဆောင်ရွက်ကြရမည့် တာဝန်ရှိသူများနှင့် ပြည်သူများအနေဖြင့် ကြုံတွေ့ရမည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ဝိုင်းဝန်းဖြေရှင်း ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို ယူထားသည့်ကာလအတွင်း အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ကာ အခက်အခဲတိုင်းကို မဖြစ်မနေ ဖြတ်သန်းကျော်လွှားခဲ့ပြီးဖြစ်သည်။ ယခုအခါ အခက်အခဲအမျိုးမျိုးကြားမှ အမျိုးသားရေးလုပ်ငန်းစဉ်ကြီး ဖြစ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကြိုတင်မြော်တွေးနိုင်မှု၊ ဝိုင်းဝန်းပေါင်းစပ် ညှိနှိုင်းဆောင်ရွက်မှုများဖြင့် အခက်အခဲပြဿနာများကို ကျော်လွှားအောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်သူများနှင့် အဖွဲ့အစည်းများကလည်း တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြဖို့လိုမည်ဖြစ်သည်။

သို့ဖြစ်ရာ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ကြီး အထမြောက်အောင်မြင်စေရန် အချိန်ကာလတရွေ့ရွေ့နီးကပ်လာပြီဖြစ်သည်။ အမျိုးသားရေးလုပ်ငန်းစဉ်ကြီး အောင်မြင်စေရန် ငွေအင်အား၊ လူအင်အား၊ ကျွမ်းကျင်မှုအင်အားများ လိုအပ်သကဲ့သို့ စေတနာအား၊ စိတ်ဓာတ်ခွန်အားများလည်း လိုအပ်မည်ဖြစ်သည်။ ယခုလုပ်ငန်းစဉ်ကြီးသည် နိုင်ငံတကာအကူအညီမပါဘဲ ကိုယ့်ခွန်ကိုယ့်အားဖြင့် ဆောင်ရွက်သည့် အမျိုးသားရေးလုပ်ငန်းစဉ်ကြီးဖြစ်၍ တိကျမှန်ကန်သည့် သန်းခေါင်စာရင်းရလဒ်များ ရရှိအောင်ဆောင်ရွက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် နည်းလမ်းကျနမှန်ကန်သည့် စစ်မှန်သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

ရာဇဝတ်အထူးအယူခံမှု ခုနစ်မှုနှင့် တရားမအထူးအယူခံမှု နှစ်မှုတို့ကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ခြောက်မှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် စက်တင်ဘာ ၉

ပြည်ထောင်စုတရားသူကြီးချုပ်ဦးသာဌေးနှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးခင်မောင်ကြီး၊ ဒေါ်ခင်မေရီ၊ ဒေါ်ပြုံးပြုံးအေးနှင့် ဒေါက်တာကိုကိုနိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၆/၂၀၂၄ (မန္တလေး)၊ ၇/၂၀၂၄ (မန္တလေး)၊ ၈/၂၀၂၄ (မန္တလေး)၊ ၉/၂၀၂၄ (မန္တလေး)၊ ၁၀/၂၀၂၄(မန္တလေး)၊ ၁၁/၂၀၂၄(မန္တလေး)၊ ၁၂/၂၀၂၄ (မန္တလေး)နှင့် တရားမအထူးအယူခံမှုအမှတ် ၃၈/၂၀၂၄ (စစ်ကိုင်း)၊ ၄၇/၂၀၂၄(ရန်ကုန်) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု ခုနစ်မှုနှင့် တရားမအထူးအယူခံမှု နှစ်မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၃၆/၂၀၂၄ (မန္တလေး)၊ ၄၃/၂၀၂၄ (ရန်ကုန်)၊ ၄၄/၂၀၂၄ (ရန်ကုန်)၊ ၄၈/၂၀၂၄ (ရန်ကုန်)၊ ၄၉/၂၀၂၄ (မွန်)၊ ၅၁/၂၀၂၄ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု ခြောက်မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဓာတ်ခွဲနမူနာစုစုပေါင်း ၁၈၃၄ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၉ ဦးတွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၉-၉-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁-၉-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၉-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၈,၈၃၄ ခု အား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၉ ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုး တွေ့ရှိမှုရာခိုင်နှုန်းမှာ ၀.၃၁ ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

သာကေတမြို့နယ် သမဝါယမအသင်းစုလိမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

သာကေတမြို့နယ် သမဝါယမအသင်းစုလိမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အဆိုပါမြို့နယ် သမဝါယမဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဖွင့်အမှာစကားပြောကြား

အဆိုပါအခမ်းအနားတွင် သဘာပတိအဖြစ် သာကေတမြို့နယ် သမဝါယမအသင်းစုလိမိတက်ဥက္ကဋ္ဌ ဦးလှကြည်က ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူးညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က ဝန်ကြီးဌာနနှင့် ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ မူဝါဒများ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို အသင်းအုပ်ချုပ်မှုဒါရိုက်တာ ဦးငွေထွန်းကလည်း ကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို အသင်းစာရင်းမန်နေဂျာ ဒေါ်စန်းစန်းဝင်းကလည်းကောင်း၊ စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကို အသင်းစာရင်းစစ် ဦးအေးလွင်ကလည်းကောင်း ဖတ်ကြားပြီး အတည်ပြုချက်များ ရယူခဲ့သည်။

အဆိုပါအခမ်းအနားတွင် အသင်းဝင်ပေါင်း ၅၆ သင်း၏ အစုပေါင်း ၁၆၂ စု အတွက် အစုပေါ်အမြတ်ငွေ ၈၁ သိန်းပေးအပ်ခြင်းနှင့် အသင်းဝင်ကိုယ်စားလှယ်တစ်ဦးစီအား ဆီတစ်ပုလင်းနှင့် ငွေကျပ်နှစ်သောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၉ - ၉ - ၂၀၂၄

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၉,၀၀၀	၉,၀၀၀	၇၃၄	၆,၆၀၅,၇၀၀
MTSH	၃,၄၅၀	၃,၄၅၀	၃၄၃	၁,၁၈၃,၃၀၀
MCB	၉,၂၀၀	၈,၇၀၀	၃	၂၇,၁၀၀
FPB	၁,၈၀၀	၁,၈၀၀	၁,၃၄၅	၂,၄၀၄,၀၅၀
TMH	၂,၈၀၀	၂,၈၀၀	၃၇၂	၁,၀၄၁,၆၀၀
EFR	၁,၇၅၀	၁,၇၅၀	၁၅၉	၂၇၇,၈၅၀
AMATA	၄,၆၀၀	၄,၆၀၀	၀	၀
MAEX	၃,၄၀၀	၃,၄၀၀	၃၃၈	၁,၁၄၉,၂၀၀
MADPL(PLB)	၃၆,၅၀၀	၃၆,၅၀၀	၂၉	၁,၀၅၈,၅၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊
သတင်းထောက်များ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၄၇၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံတက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ပညာရေးဝန်ကြီးဌာနကိုယ်စားပြုအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

❍ ရှေ့ဖုံးမှ

ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံတက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ပညာရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါပွဲစဉ်တွင် နှစ်ဖက်အသင်းများသည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်အကြိတ်အနယ် ဖိအားပေးယှဉ်ပြိုင်ကြပြီး ပထမပိုင်းပွဲကစားချိန် ပြီးဆုံးချိန်အထိ ဂိုးရရှိခဲ့မှုမရှိဘဲ ဒုတိယပိုင်းပွဲကစားချိန် ၆၈ မိနစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းက အနိုင်ဂိုးကိုသွင်းယူရရှိခဲ့ကာ ပွဲကစားချိန်ပြီးဆုံးချိန်တွင် ၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် အကောင်းဆုံး(ဂိုးသမား)ဆုနှင့် အကောင်းဆုံး(နောက်တန်း)ဆုကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာညွန့်ဖေနှင့် ဦးကိုကိုလှိုင်တို့က လည်းကောင်း၊ အကောင်းဆုံး(အလယ်တန်း)ဆု၊ အကောင်းဆုံး(ရှေ့တန်း)ဆု၊ ဂိုးသွင်းအများဆုံးအားကစားသမားဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသူများကို ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးရန်ကျော်၊ ဦးရွှေကြိမ်း၊ ခွန်စံလွင်၊ ဒေါက်တာဘာရွှေတို့က လည်းကောင်း တစ်ဦးချင်းအကောင်းဆုံးဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနကိုယ်စားပြုအသင်းအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ ကောင်စီအဖွဲ့ဝင် ဒေါက်တာမှူထန်က စတုတ္ထဆုရရှိသည့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ကိုယ်စားပြုအသင်းကို လည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက တတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားပြုအသင်းကို လည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဒေါ်ခြဲဘူက ဒုတိယဆုရရှိသည့် ပညာရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းကို လည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

စာမျက်နှာ ၄ သို့ ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း တတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Ms. Mirjana Spoljaric Egger ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross – ICRC) ဥက္ကဋ္ဌ Ms. Mirjana Spoljaric Egger ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီအနေဖြင့် မြန်မာနိုင်ငံ၌ လူသားချင်းစာနာထောက်ထား မှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အကူအညီလိုအပ်လျက်ရှိသည့် ပြည်သူများလက်ဝယ်သို့ လိုအပ်သည့်ကူညီထောက်ပံ့မှုများ အမှန်တကယ်ရောက်ရှိစေရေးနှင့် မသက်ဆိုင်သည့်အဖွဲ့အစည်းများထံသို့ မရောက်ရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၉

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross – ICRC) ဥက္ကဋ္ဌ Ms. Mirjana Spoljaric Egger ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီ ကော်မတီအနေဖြင့် မြန်မာနိုင်ငံ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အကူအညီလိုအပ်လျက်ရှိသည့် ပြည်သူများလက်ဝယ်သို့ လိုအပ်သည့် ကူညီထောက်ပံ့မှုများ အမှန်တကယ်ရောက်ရှိစေရေးနှင့် မသက်ဆိုင်သည့် အဖွဲ့အစည်းများထံသို့ မရောက်ရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ တပ်မတော်အနေဖြင့် ဂျီနီဗာ ကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross–ICRC) ဥက္ကဋ္ဌနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

❍ စာမျက်နှာ ၃ မှ

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ပထမဆုရရှိသည့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ဂုဏ်ပြုဆုငွေများနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ဆုပေးပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင် အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

ယှဉ်ပြိုင်ကစားခဲ့

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ သက်ဆိုင်ရာဝန်ကြီးဌာန ကိုယ်စားပြု တက္ကသိုလ်များ ဘောလုံးအသင်း (ခုနစ်သင်း) တို့ပါဝင်ပြီး ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၉ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲစဉ်များ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၉

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ တတိယနေရာလု ပွဲစဉ်ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေး ကွင်းအမှတ်(၁)၌ ဆက်လက်ကျင်းပသည်။

ယှဉ်ပြိုင်ကစား

တတိယနေရာလုပွဲစဉ် အဖြစ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းတို့ အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ဖြင့် တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်ဖိအားပေး၍ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ပြိုင်ပွဲပြီးဆုံးချိန်တွင်



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အသင်းကိုနှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိကာ တတိယနေရာကို ထိုက်ထိုက်တန်တန် ရရှိသွားသည်။

ကြည့်ရှုအားပေး

အဆိုပါအသင်းများ ယှဉ်ပြိုင်ကစားနေမှုကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဒေါက်တာတင်ထွဋ်၊ ဦးဗိုလ်ဗိုလ်ကျော်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူး ချုပ်များ၊ ပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင် အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲကို တက္ကသိုလ် ဘောလုံးပြိုင်ပွဲမှ ထွက်ပေါ်လာမည့် ထူးချွန်အားကစားသမားများမှ သည် နိုင်ငံတော်အတွက် အားထားရသည့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုံးပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပသည့် (၉)ကြိမ်မြောက် အရှေ့ဖျား စီးပွားရေးဖိုရမ်သို့ တက်ရောက်ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးဖြစ်သူ ဖိုရမ်ကျင်းပရေးကော်မတီအမှုဆောင်အတွင်းရေးမှူး Mr. Anton Kobyakov ၏ ဖိတ်ကြားမှုအရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ စက်တင်ဘာ ၃ ရက်မှ ၆ ရက်အထိ ကျင်းပသည့် (၉)ကြိမ်မြောက် အရှေ့ဖျား စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် စက်တင်ဘာ ၁ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Is-Kander Azizov နှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။



အဆိုပါခရီးစဉ်တွင် ဒုတိယဝန်ကြီးချုပ်နှင့်အတူ ဗိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့် အရာထမ်းများလည်း အဖွဲ့ဝင်များအဖြစ် လိုက်ပါ၍ ဖိုရမ်သို့ ပါဝင်တက်ရောက်ကြသည်။

အရှေ့ဖျား စီးပွားရေးဖိုရမ်ကို ၂၀၁၅ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းများအကြား ဆက်သွယ်မှုထူထောင်ရန်နှင့် မြှင့်တင်ရန်၊ ရုရှားအရှေ့ဖျားဒေသ၏ စီးပွားရေးအလားအလာများ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် အထူးစီးပွားရေးဇုန်များရှိ စီးပွားရေးအခြေအနေများကို သုံးသပ်ဆွေးနွေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

စက်တင်ဘာ ၃ ရက်က မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban Valerievich KARA-OOL ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်သည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများ၊ နှစ်နိုင်ငံခရီးသွားများ ပိုမိုလည်ပတ်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖို့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov ခေါင်းဆောင်သော အဖွဲ့နှင့် တွေ့ဆုံပြီး စတုတ္ထအကြိမ် ရုရှား-မြန်မာအစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကော်မရှင် အစည်းအဝေး၏ အစည်းအဝေးမှတ်တမ်းအရ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ မြန်မာ-ရုရှား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လမ်းပြမြေပုံ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိုရမ်၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချုပ်စာတမ်းများ လက်မှတ်ရေးထိုးသည့် ခန်းမ၌ ကျင်းပပြုလုပ်သည့် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား စိုက်ပျိုးရေး၊ ကဏ္ဍအတွက် အရေးကြီးသည့် ပူးပေါင်းဆောင်ရွက်မှု တစ်ရပ်ဖြစ်သည့် မြန်မာနိုင်ငံ၌ ရွက်ဖျန်းအားဆေးရည် ထုတ်လုပ်သည့် စက်ရုံ တည်ဆောက်ရေးနှင့် သက်ဆိုင်သည့် ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ (MoC) လက်မှတ်ရေးထိုးခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

တက်ရောက်

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ရုရှားနိုင်ငံဘက်မှ သမ္မတ၏ အကြံပေး ရုရှား ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ ဥက္ကဋ္ဌ Mr. Anton Kobyakov နှင့် စီးပွားရေးဖို့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov တို့ တက်ရောက်ကြသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာအရ မြန်မာနိုင်ငံ ဗိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့နှင့် Fund RC-Investments တို့အကြား ပထမအဆင့်အနေဖြင့် ရွက်ဖျန်းအားဆေးရည် ထုတ်လုပ်ခြင်းလုပ်ငန်းများကို လျာထားသည့်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် သဘာဝဓမ္မေဗြဒေဓာတ်ရုံ တည်ဆောက်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





နှစ်(၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက ပဲခူးမြို့နယ် ကတွင်းခြံကျေးရွာအုပ်စု တောင်သူစုကျေးရွာရှိ ရွှေဘုန်းပွင့်စေတီနှင့် ပတ်ဝန်းကျင်၌ (ခေတ္တ)ပဲခူးခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦးဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင် ၅၉ ဦးတို့ ချုံနွယ်နှင့် အမှိုက်များ ရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်စဉ်။ ဓေါ်ရှင်း(ဥသာ)

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက်က ဇီးကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မြင့်ကျော်နှင့် တပ်ဖွဲ့ဝင်များ အမှတ်(၄) ရပ်ကွက် ဘုရားလမ်းရှိ အထက(မြို့မ)ကျောင်း၌ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

ဘယ်သူက သမိုင်းတရားခံ ဖြစ်နေသလဲ၊ ဘယ်သူက သူရဲကောင်းလဲ

မိုးမြင့်

တိုင်းပြည်မှာ အကျပ်အတည်းပေါင်းစုံရဲ့ အကြောင်းတရား၊ ရှိရှိသမျှ များစွာသော အကြောင်းတရားများစွာမှာ အလျင်အမြန်ဖြေရှင်းပေးရမယ့် သော့ချက်အကျဆုံးပြဿနာက ပြည်တွင်းတည်ငြိမ်ရေးမှလွဲပြီး အခြားမရှိပါ။ နိုင်ငံမှာ စစ်ကြောင့် ပျက်စီးမှုတွေ၊ ရေကြည်ရာမြက်နုရာ ထွက်ပြေးတိမ်းရှောင်ရတဲ့ ပြည်သူတွေ၊ သေကွဲရှင်ကွဲ ခွဲကြရတဲ့ အရွယ်မမြောက်လူမမည်တွေနဲ့ နေရာအနှံ့ ဆိုးသွမ်းစရိုက်တွေ၊ ဆုံးရှုံးသွားရတဲ့ အသက်အိုးအိမ်စည်းစိမ်တွေ၊ စိုးရိမ်သောကတွေ၊ တစ်သက်လုံးစုဆောင်းထားသမျှ ပိုင်ဆိုင်မှုတွေ ဆုံးရှုံးသွားရတဲ့အတွက် အနာဂတ်မဲ့သွားသူတွေ၊ အဖျက်အင်အားစုတွေကြား သားကောင်ဖြစ်ရသူတွေ။

ဒီတိုင်းပြည်က ပြဿနာအားလုံး သူတို့မှာ တာဝန်မရှိပါဘဲ အပြစ်မဲ့ ခံစားနေရတယ်။ ဒီမိုကရေစီ ဗန်းပြပြီး ဒီမိုကရေစီကို ဖျက်ဆီးနေသူ၊ ဖက်ဒရယ်စကားပြောပြီး တိုင်းရင်းသားအချင်းချင်းကြား ခွဲခြားနှိပ်ကွပ်နေသူ၊ အာဏာရှင်ကို တိုက်ဖျက်နေကြောင်း အသံကောင်းဟစ်ပြီး ကိုယ်တိုင်အာဏာရှင်၊ စစ်ဘုရင်ဖြစ်နေသူ လက်နက်ကိုင်အဖျက်သမား အားလုံးဟာ မျက်မှောက်ဖြစ်စဉ်အားလုံးရဲ့ တာဝန်အရှိဆုံးသူတွေပါပဲ။

တည်ငြိမ်အေးချမ်းမှုကသာ အဓိက

ပျော်ပျော်နေတတ်တဲ့ မြန်မာလူမျိုးတွေဟာ ဒီတိုင်းပြည်ကြီး တည်ငြိမ်မှုရှိမှသာ အရာအားလုံး အဆင်ပြေနိုင်မယ်ဆိုတာ အားလုံးသိပြီးဖြစ်ပါတယ်။ မိမိရပ်ထဲရွာထဲ ခိုးဆိုးလုန်ကိန်းလည်း ကြောက်ရ၊ အကြမ်းဖက်လည်း ကြောက်ရတဲ့ဘဝ၊ ချမ်းသာချင်တာတောင် လတ်တလော မချမ်းသာရင်နေပါစေ၊ ပြည်သူတွေ ဒီအချိန်မှာ အလိုချင်ဆုံးက တည်ငြိမ်အေးချမ်းမှုနဲ့ လုံခြုံမှုပါပဲ။ တရားဥပဒေကြီးစိုးမိုးပေးဖို့အရေးကလွဲပြီး ကျန်တာဘာကိုမှမလိုချင်ပါ။ တည်ငြိမ်အေးချမ်းအောင် လုပ်ပေးနိုင်မယ့် ထွက်ပေါက်ကို မြန်မြန်မြင်လိုကြပါပြီ။

ကုန်စျေးနှုန်းတွေ တည်ငြိမ်စေချင်ကြတယ်။ လူငယ်တွေက သူတို့အနာဂတ်လှချင်ကြတယ်။ ဒီလို လတ်တလောလိုအပ်ချက်တွေကို ယနေ့မြန်မာပြည်တွင်းက လက်နက်ကိုင် ရောင်စုံအဖျက်သမားဆိုသူတွေက တချို့နေရာတွေမှာ အရှက်မရှိဝါဒဖြန့်လုပ်ပြကိုင်ပြနေတာတွေ့နေရတာ အလွန်ပဲ အော့နလုံးနာမိရဲ့။ ပြည်သူပိုင်လမ်းတံတားတွေ စိတ်ရှိတိုင်း ဗုံးခွဲဖျက်ဆီး၊ ချိုးဖျက်ပျက်စီးသွားမှ ပြန်ပြီးလမ်းတံတားတွေ ဆောက်ပြတယ်။ ဒါတွေကို နဂိုကတည်းက နိုင်ငံတော်အစိုးရအဆက်ဆက်က ပြည်သူပိုင်ဘတ်ဂျက်နဲ့ ပြည်သူ့အတွက် တည်ဆောက်ပေးထားတာဆိုတာ ထမင်းစားသူတိုင်းသိတယ်။ နယ်မြေကို လက်နက်နဲ့ အဓမ္မရယူသိမ်းပိုက်ပြီး သူခိုးဓားပြဆန်ဆန် သူများပိုင်အိမ်ရာပစ္စည်းဖောက်ထွင်းခိုးယူ၊ ဘာမှမကျန် ခိုးဝှက်လုယက်ယူကြပြီးမှ ပြည်သူတွေ အစာရေစာပြတ်လပ်ချိန် ကျီးလန့်စာစားဘဝနဲ့ အချိန်ကိုက်ပြီး ပြည်သူအတွက် ခေတ်အဆက်ဆက် သိုလှောင်ထားတဲ့ စားရေရိက္ခာတွေကို အခမဲ့ဝေငှနေပုံတွေဟာ အင်မတန်ရိုးစင်းလွန်းတဲ့ ဝါဒဖြန့်နည်းတွေလို့သာ မှတ်လိုက်မိပါတယ်။ ယနေ့ပြည်သူတွေက ငတ်ငုံးအတွေ့ မဟုတ်ကြတဲ့အတွက် အလွန်တရာ အောက်တန်းကျ၊ စုတ်ပဲ့လွန်းတဲ့လက်နက်ကိုင်တွေရဲ့ အလိမ်အညာတွေကို ယုံကြည်သူ နည်းသည်ထက် နည်းလာကြပါပြီ။

အစိုးရအဆက်ဆက် ဆောက်ပေးခဲ့တဲ့ ဆေးရုံတွေ၊ ဖြည့်ပေးခဲ့တဲ့ဆေးကိရိယာတွေကို သိမ်းပိုက်လုယူပြီးမှ ပြည်သူကို အခမဲ့ဆေးကုပေးတဲ့ ပုံစံလည်း ထို့အတူပါပဲ။ ရှက်စရာကောင်းမှန်းမသိ၊ အရှုးက တစ်မူးသာတဲ့ လုပ်ဇာတ်ပဲ။ စေတနာမပါဘဲ စျေးရောင်းပေးရုံ၊ ဆေးကုပေးရုံ၊ လျှပ်စစ်မီးပေးနိုင်ရုံလောက်နဲ့ ဝါဒဖြန့်လို့မရဘူးဆိုတာ သိဖို့လိုတယ်။ လက်နက်ကိုင်ပြီး နယ်မြေလုယူတဲ့သူပုန်၊ လူသတ်တဲ့ သူပုန်မှန်သမျှ ဘယ်သူမှ အားမပေးလိုဘူး၊ စက်ဆုပ်ရွံရှာကြတယ်။

ပြည်သူထဲမှာမနေ၊ နိုင်ငံခြားထွက်ပြေး၊ ခွက်ခေါက်လိမ်စား၊ တိုင်းပြည်နဲ့ လူမျိုးအတွက် နိုင်ငံရေး၊ လူမျိုးရေး ဘာခံယူချက်မှမရှိတဲ့ အချောင်သမားသက်သက်တွေကို မုန်းတီးကြတယ်။ စစ်ရေးနဲ့ မသက်ဆိုင်၊ အများသူငါသွားတဲ့ လမ်းတံတားဖျက်ဆီးတဲ့အဖျက်သမားက အစိုးရလုပ်ချင်တယ်ဆိုတော့ ဒီလိုအဖွဲ့မျိုး ဘယ်သူက ထောက်ခံမလဲ၊ မတရားတဲ့နည်းနဲ့ နယ်မြေလုယူတဲ့သူပုန် ဘယ်သူက ပံ့ပိုးမလဲ၊ မူးယစ်ဆေးသုံးပြီးမှ စစ်တိုက်တတ်တဲ့ သောင်းကျန်းသူ ဘယ်သူက ကူညီမလဲ။

လားရာချင်း ထပ်တူ

ပြည်သူတွေရဲ့လားရာနဲ့ တပ်မတော်ရဲ့လားရာက ထပ်တူထပ်မျှပါ။ အမြန်ဆုံး တည်ငြိမ်အေးချမ်းရေးပါပဲ။ တော်တော်များများ သိတဲ့လူ သိကုန်ကြပါပြီ။ အထူးသဖြင့် စစ်ဒဏ်ခံဒေသက ပြည်သူတွေ

> **“ပြည်တွင်းက လောက်ကောင်းသစ္စာဖောက်တွေကလည်း အဝေးက ပေးစာကမ်းစာရယူ၊ သူ့ကိုဆရာတင် ကိုယ့်ကိုဆရာတင်၊ မြို့သိမ်း၊ ရွာသိမ်း၊ လယ်သိမ်း၊ လူသတ် အဖျက်လုပ်ရပ်မျိုးစုံနဲ့ မိုက်တွင်းနက်နေကြဆဲဖြစ်တယ်။ သိမ်းပြီးတဲ့မြို့ရွာတွေမှာ ဘာအုပ်ချုပ်ရေး၊ ပညာရေး၊ ဘာတည်ဆောက်ရေးလုပ်ငန်းမှ မလုပ်တတ်တဲ့အတွက် မြို့ကို ထိန်းချုပ်နိုင်ရုံအဆင့်သာရှိတဲ့ သူပုန်ဘက်မှာ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးအတွက် အဖြေဆိုတာမရှိနိုင်ပါဘူး။ ဒါကြောင့် ငြိမ်းချမ်းရေးအတွက် လိုချင်တဲ့အဖြေက တရားတဲ့ဘက်မှာပဲ ရှိနေမယ်လို့ တပ်မတော်ရော ပြည်သူကပါ ယုံကြည်တဲ့အတွက် တပ်မတော်နဲ့ ပြည်သူဟာ အပြန်အလှန်ကူညီပြီး အပြန်အလှန်အမှီသဟဲပြုနေကြခြင်း ဖြစ်ပါတယ်”**

အသိဆုံးပါ။ စစ်ရဲ့နောက်ဆက်တွဲဆိုးကျိုးတွေကြောင့် တပ်မတော်အုပ်ချုပ်တာနဲ့ သူပုန်အုပ်ချုပ်တာ ဘယ်ဟာက ပိုကောင်းသလဲ ပြည်သူတွေ သိလာကြပြီဖြစ်တယ်။ ရန်သူဟာ ဒီမိုကရေစီအတွက်လည်းမဟုတ်၊ ဖက်ဒရယ်ရေးလည်းမဟုတ်၊ ပြည်သူအတွက်လည်းမဟုတ်တဲ့ ကိုယ်ကျိုးကြည့် အတ္တဝါဒီ သက်သက်သာဖြစ်ကြောင်း ပြည်သူတွေ သိလာကြပါပြီ။ သို့သော် နိုင်ငံအချုပ်အခြာနဲ့ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နေတဲ့ ပြည်ထောင်စုတပ်မတော်ကြီးအပေါ် ယခုထက်ပိုပြီး အမြင်ကြည်ဖို့တော့ လိုအပ်နေဆဲပဲ။

လွတ်လပ်ရေးကိုထိန်းသိမ်းရင်း၊ အချုပ်အခြာကိုကာကွယ်ရင်း ဒီစစ်ပွဲတွေမှာ စစ်သည်များစွာ အသက်ပေးခဲ့ရပြီးဖြစ်ပါတယ်။ တိုက်စစ်နဲ့ ခံစစ်ဗျူဟာအကြားမှာ လူအင်အားအခြေအနေအရ အချို့မြို့တွေရွာတွေကို အပြည့်အဝ အကာအကွယ်မပေးနိုင်ခဲ့ဘူး။ အပြစ်မဲ့ပြည်သူတွေ၊ ရဟန်းသံဃာတွေ၊ ဝန်ထမ်းတွေ၊ ကလေးသူငယ်တွေဟာ အဖျက်သမားလက်နက်ကိုင်တွေရဲ့ လူမဆန်စွာ အသတ်ခံခဲ့ကြရတယ်။ လက်နက်ကိုင် သူပုန်အချင်းချင်းတောင် သစ္စာမရှိတရားမဲ့ သတ်ဖြတ်နေကြသူတွေဖြစ်တယ်။ ဒီလိုလူတွေအပေါ် တပ်မတော်နဲ့ ပြည်သူဘက်က ဘာမှငဲ့ညှာစရာမရှိပါ။ ဒါကြောင့်လည်း မိမိတို့နဲ့ သေကွဲရှင်ကွဲ ကွဲခဲ့ကြတဲ့ နာကြည်းနေတဲ့ မိဘညီအစ်ကို သားသမီး မိတ်ဆွေသူငယ်ချင်းတွေဟာ ကျူးကျော်သူ မိစ္ဆာပြည်ဖျက်သမားတွေကို မိမိတို့ရပ်ရွာတွေကနေ အခြေပြု ရရာလက်နက်စွဲကိုင်ပြီး တပ်မတော်နဲ့လက်တွဲကာ တိုက်ပွဲဝင်လာကြပြီ လည်း ဖြစ်ပါတယ်။

ပြည်သူပါဝင်မှု၏ မှန်ကန်သောအချက်

နိုင်ငံတော်မှာ နိုင်ငံရေး၊ စစ်ရေးအခြေအနေက ရန်ငါပြတ်သွားတဲ့ အတွက်ကြောင့်ရော ရန်သူမိတ်ဆွေရယ်လို့ ပိုပြီးကွဲပြား ပီပြင်လာတဲ့အတွက်ကြောင့်ပါ ရေရှည်မှာ ဘယ်သူကအသာရမလဲ ပိုမိုထင်ရှားလာပြီလည်း ဖြစ်ပါတယ်။ အိမ်နီးချင်း မိတ်ဆွေက ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုအပေါ် အဓိကအားထားပြီး နိုင်ငံတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒေသတွင်းငြိမ်းချမ်းရေးအတွက် စေတနာထား အားထည့်ကြိုးပမ်းနေချိန်မှာ အဝေးက မိတ်ဆွေမပီသသူ နိုင်ငံအချို့ကတော့ မြန်မာပြည်သူတွေ ဆောက်တည်ရာမရ၊ မငြိမ်းချမ်းအောင်၊ နိုင်ငံလုံးဝဥသုံးပျက်စီးအောင် အဆိုးသဘောနဲ့ လုပ်နေကြဆဲဖြစ်တယ်ဆိုတာကိုလည်း တွေ့နေရတယ်။

ပြည်တွင်းက လောက်ကောင်သစ္စာဖောက်တွေကလည်း အဝေးက ပေးစာကမ်းစာရယူ၊ သူ့ကို ဆရာတင် ကိုယ့်ကိုဆရာတင်၊ မြို့သိမ်း၊ ရွာသိမ်း၊ လယ်သိမ်း၊ လူသတ် အဖျက်လုပ်ရပ်မျိုးစုံနဲ့ မိုက်တွင်းနက်နေကြဆဲဖြစ်တယ်။ သိမ်းပြီးတဲ့မြို့ရွာတွေမှာ ဘာအုပ်ချုပ်ရေး၊ ပညာရေး၊ ဘာတည်ဆောက်ရေးလုပ်ငန်းမှ မလုပ်တတ်တဲ့အတွက် မြို့ကို ထိန်းချုပ်နိုင်ရုံအဆင့်သာရှိတဲ့ သူပုန်ဘက်မှာ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးအတွက် အဖြေဆိုတာ မရှိနိုင်ပါဘူး။ ဒါကြောင့် ငြိမ်းချမ်းရေးအတွက် လိုချင်တဲ့အဖြေက တရားတဲ့ဘက်မှာပဲ ရှိနေမယ်လို့ တပ်မတော်ရော ပြည်သူကပါ ယုံကြည်တဲ့အတွက် တပ်မတော်နဲ့ ပြည်သူဟာ အပြန်အလှန်ကူညီပြီး အပြန်အလှန်အမှီသဟဲပြုနေကြခြင်း ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးမှာ ပြည်သူပါဝင်ရမယ်ဆိုတဲ့ ဒဿနက လုံးဝမှန်ကန်ပါတယ်။ ပြည်သူပါဝင်တဲ့ ပြည်သူ့စစ်မဟာဗျူဟာက အနာဂတ် နိုင်ငံတော် လုံခြုံရေးအတွက် မရှိမဖြစ် လိုအပ်လာပြီဖြစ်ပြီး အတွေ့အကြုံနဲ့ ရင်းပြီးမှရလာတဲ့ သင်ခန်းစာတစ်ခုလည်းဖြစ်လာပါပြီ။ ဒီအချက်ဟာ အရင်းအနှီးကြီးကြီးမားမားပေးရပြီးမှ ရရှိလာတဲ့ နိုင်ငံနဲ့ပြည်သူအတွက် အကျိုးအမြတ်တစ်ခုလည်း ဖြစ်ပါတယ်။ ဒါကြောင့် ယခုမပြီးသေးတဲ့စစ်ပွဲနဲ့အတူ အနာဂတ် နိုင်ငံလုံးဆိုင်ရာအတွက် ပြည်သူတစ်ရပ်လုံး မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်အပြည့်နဲ့ တပ်မတော်နဲ့အတူ လက်တွဲပါဝင်ထမ်းရွက်ကြပါဟု နှိုးဆော်လိုက်ပါတယ်။

တပ်မတော်ဆိုတာ

နိုင်ငံတော်မှာ အစိုးရဆိုလည်း တစ်ရပ်သာ၊ တပ်မတော်ဆိုလည်း တစ်ခုတည်းသော တပ်မတော်ပဲ ရှိရမယ်ဆိုတာကို ယနေ့ပြည်ထောင်စုတပ်မတော်ကြီးက အသိဆုံးဖြစ်ပါတယ်။ ဒါကြောင့် ကျဆုံးလေပြီးသော တပ်မတော်သားတို့ရဲ့ သစ္စာ၊ မခြောက်သေးတဲ့ သွေးတွေကို စောင့်သိသောအားဖြင့် ဆုံးရှုံးသွားတဲ့ အချုပ်အခြာနယ်မြေအားလုံး မရရအောင် ပြန်ယူပြီး နိုင်ငံအခြေအနေကို မူလအတိုင်းပြန်လည်ရောက်ရှိအောင် လုပ်မယ်ဆိုတဲ့ ကတိစကားကပေးလိုက်ရတဲ့မြေတွေ အကုန်ပြန်ယူ၊ ပြန်ရမယ်ဆိုတဲ့ သဘောသက်ရောက်တာကြောင့် ရုပ်ပိုင်းစိတ်ပိုင်းကျဆင်းနေတဲ့ ပြည်သူတွေအတွက် အားတက်စရာဖြစ်စေတာတော့ အမှန်ပါပဲ။

သူများလက်ဝေခံဘဝနဲ့ သွေးဆာနေသူတွေ နိဂုံးချုပ်တော့မယ်ဆိုတဲ့ ယုံကြည်ချက်အပြည့်နဲ့ လှုပလာမယ့်အနာဂတ်ကို စောင့်မျှော်နေကြမှာလည်းဖြစ်ပါတယ်။ ဒါကြောင့်ပဲ ပြည်သူကို ကတိသစ္စာရှိတဲ့ ဘဝမှာ တစ်ခါပဲ သေရမယ်၊ သေရင်လည်း သိက္ခာရှိရှိနဲ့ သေမယ်ဆိုတဲ့ တပ်မတော်သားတွေ မြန်မာပြည်မှာ အများကြီး ရှိပါတယ်။ စစ်မြေပြင်မှာ အံ့ဘနန်းဇွန်နပဲနဲ့ အသေခံတိုက်နေတဲ့ စစ်သားတွေ ထုနဲ့ထည်နဲ့ ရှိပါတယ်။ နေ့ညမရွေး၊ ရာသီမရွေး စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်နေတဲ့ တပ်မတော်ပါ။ ဘာကိုမှလည်း မှုနေမှာမဟုတ်တဲ့ ဒီလိုခံယူချက်ကို အလေးအနက်ထားခံယူပြီး နိုင်ငံနဲ့ ပြည်သူအတွက် ဆက်လက်ပေးဆပ်နေမှာပဲ ဖြစ်ပါတယ်။

နောက်ဆုံးမှာ တိုင်းပြည်ရဲ့ အခြေအနေဟာ တပ်မတော်နဲ့ပြည်သူ့ဘက်မှာသာ ရှိနေမယ်ဆိုတာ မမှိတ်မသုန် ယုံကြည်ထားဖို့ လိုပါတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ ဘယ်မှလည်းမပြေး၊ ဘယ်မှလည်း ရှောင်စရာမလိုပါ။ ကြောက်စိတ်ဟာ သေတာထက်တောင် ဆိုးတဲ့အတွက် အချို့နယ်မြေဒေသတွေမှာ ပြည်သူတွေကိုယ်တိုင် လက်နက်စွဲကိုင်ပြီး ပြည်သူ့လုံခြုံရေးအတွက် ပြည်သူတွေကိုယ်တိုင် ပါဝင်ထမ်းရွက်လာကြတာကိုလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။ တပ်မတော်ဟာ ဒေသဆိုင်ရာ တာဝန်ရှိသူတွေ၊ ပြည်သူတွေနဲ့လက်တွဲပြီး အချို့ဒေသတွေမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ပြန်လည်ဆောင်ရွက်နေကြပါပြီ။

အခြေအနေကောင်းပြီး ပြန်လည်ငြိမ်းချမ်းလာတဲ့အပေါ် ပြည်သူတွေ ဝမ်းသာနေကြပါတယ်။ ဒီအပျော်တွေ အခြားနေရာတွေဆီ အလျင်အမြန် ကူးစက်ပျံ့နှံ့သွားဖို့သာ လိုပါတယ်။ ယနေ့အရေးအခင်းမှာ ဘယ်သူက သမိုင်းတရားခံ ဖြစ်နေသလဲ၊ ဘယ်သူက သူရဲကောင်းလဲ ကွဲကွဲပြားပြား သိလာကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် အချို့ဒေသတွေမှာ တချို့သောသူတွေရဲ့ လုပ်ပုံကိုင်ပုံတွေကို သင်ခန်းစာယူသင့်တာယူ၊ အတုယူသင့်တာယူပြီး အခြေအနေကောင်းတွေကို ဆက်လက်ဖန်တီးသွားကြမယ်လို့သာ ဆန္ဒပြုပြီး နိုင်ငံတော်အစိုးရနဲ့ တပ်မတော်တို့နဲ့ ပူးပေါင်းကာ လက်တွဲညီညီ ဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၉

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေးသည်။

ဒေသခံပြည်သူများနှင့်တွေ့ဆုံ

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကလောမြို့နယ် ပေါဝဲကျေးရွာ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ အမျိုးသမီးများအတွက် ဝင်ငွေတိုးရေး ဆောင်ရွက်မည့်လုပ်ငန်းအဖြစ် သင်တန်းသူ ၁၀ ဦးဖြင့် ဖွင့်လှစ်ပို့ချလျက်ရှိသော စက်ချုပ်သင်တန်းမှ သင်တန်းသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက သင်တန်းပြီးဆုံးပါက အမှန်တကယ် လုပ်ငန်းလုပ်ကိုင်လိုသူများကို လုပ်ငန်းသုံးပစ္စည်းများ မတည်ရင်းနှီးပေးမည်ဖြစ်ကြောင်း၊ သင်တန်းသားများကလည်း အမှန်တကယ်လုပ်ကိုင်ကြရန်လိုအပ်ကြောင်း၊ အမှန်တကယ် လုပ်ငန်းလုပ်ကိုင်မှ ရှိ၊ မရှိကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများက စဉ်ဆက်မပြတ်ကြီးကြပ်ကွပ်ကဲစစ်ဆေးရန်လိုအပ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး ဒေသခံပြည်သူများနှင့် သင်တန်းသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကလောမြို့နယ် ဘော်နင်းကျေးရွာမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ကလောမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော တောင်မြေခြား- မြောက်မြေခြားကျေးရွာချင်းဆက်လမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်း အရည်အသွေး ပြည့်မီစေရေး အလေးထားကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ကျေးရွာလမ်းကော်မတီဝင်များနှင့် ဒေသခံပြည်သူအားလုံးက လမ်းရေရှည်ကောင်းမွန်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဘော်နင်းကျေးရွာအတွက် ခေတ်မီစံပြကျေးရွာစီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၅၀ နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀ တို့ကို ကျေးရွာကော်မတီဝင်များထံ လည်းကောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် ကွမ်းခြံအထက်ကျေးရွာနှင့် ကွမ်းခြံကျေးရွာတို့အတွက် အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ်သိန်း ၆၀၀ ကို ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်ထံလည်းကောင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်မည့် ရွာသာရွာကျေးရွာအတွက် စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၁၅၀ ကိုကျေးရွာကော်မတီဝင်ထံလည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ကျပ်သိန်း ၃၀၀ နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်မည့် ကျေးရွာနှစ်ရွာအတွက် ထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၃၀၀ တို့ကို သက်ဆိုင်ရာ ကျေးရွာကော်မတီဝင်များထံ လည်းကောင်း လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် ကျေးရွာအတွင်း ကွန်ကရစ်လမ်းဆောင်ရွက်ပြီးစီးမှုနှင့် ဝင်ငွေတိုးစီမံကိန်းဖြင့် သင်တန်းဆင်းပြီး မိုးသောက်ကြယ် ဆိုင်ကယ်ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညောင်ရွှေမြို့နယ် ကျော့မောင်ငယ်ကျေးရွာ ကျေးရွာယာယီရှင်းလင်းဆောင်၌ ဆီထွက်သီးနှံ နေကြာစိုက်တောင်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မျိုးနွယ် သွင်းအားစုဓာတ်မြေဩဇာများကို အသင်းသားတောင်သူများထံ လည်းကောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် ကွမ်းခြံအထက်ကျေးရွာနှင့် ကွမ်းခြံကျေးရွာတို့အတွက် အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ်သိန်း ၆၀၀ ကို ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်ထံလည်းကောင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်မည့် ရွာသာရွာကျေးရွာအတွက် စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၁၅၀ ကိုကျေးရွာကော်မတီဝင်ထံလည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မိုးနဲမြို့နယ်၌ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

မိုးနဲ စက်တင်ဘာ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် သစ်တောဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကာ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက လွိုင်မြေရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း အင်ကြင်းဆောင်ခန်းမနေရာ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးကျော်အောင်အောင်က သစ်တောများနှင့်ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲများ၊ ရေဝေရေလဲဒေသများထိန်းသိမ်းရေး၊ သစ်တောမှပေးစွမ်းနိုင်သောအကျိုးကျေးဇူးများကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောသည်။

ထို့နောက်တက်ရောက်လာသူများက သိရှိလိုသည်များမေးမြန်းရာ သစ်တောဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း၏ သန့်ရှင်း၍စိမ်းလန်းသော (Clean and Green)ကျောင်းအဖြစ် ဖော်ဆောင်မည့်အခြေအနေများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်လီလီမိုးစက်က ပရိုဂျက်တာဖြင့် ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

မျိုးညွှန့်ရွှေ (မိုးနဲ)





အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ (၃၇) ကြိမ်မြောက် (ပုံမှန်)အစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၉

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ (၃၇) ကြိမ်မြောက် (ပုံမှန်)အစည်းအဝေး (၃/၂၀၂၄) ကို ယနေ့နံနက်ပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၃၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးမင်းထွဋ်က မြန်မာနိုင်ငံအာမခံစေးကွက်၌ နိုင်ငံသားပိုင်၊ နိုင်ငံခြားသားရာနှုန်းပြည့်ပိုင်၊ နိုင်ငံသားနှင့် နိုင်ငံခြားသား ဖက်စပ်ပိုင်အာမခံကုမ္ပဏီများကို ဟန်ချက်ညီစွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားပြီး အာမခံအမျိုးအစားစုံလင်စွာ လုပ်ကိုင်နိုင်ရန် ခွင့်ပြုထားပြီးဖြစ်၍ စေးကွက်တွင် ယှဉ်ပြိုင်လုပ်ဆောင်နေကြပြီဖြစ်ရာ အာမခံကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ မြန်မာနိုင်ငံ အာမခံလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လမ်းပြမြေပုံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အာဆီယံအာမခံစေးကွက်နှင့် ရင်ပေါင်တန်းနိုင်သည့် အဖွဲ့ဝင်နိုင်ငံတစ်ခုအဖြစ် လိုက်ပါနိုင်အောင်ဆောင်ရွက်ရေး၊ လုံခြုံစိတ်ချရသည့် အာမခံအကာအကွယ် ပိုမိုရရှိလာစေရေးအတွက် အာမခံအမျိုးအစားသစ်များကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရေးနှင့် မြန်မာနိုင်ငံ အာမခံစေးကွက်ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုစေရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးက (၃၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ယခုအစည်းအဝေးတွင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ဆွေးနွေးဆုံးဖြတ်ရမည့် အသက်နှင့်အထွေထွေ အာမခံအမျိုးအစားသစ်များ လျှောက်ထားလာခြင်း၊ အာမခံကုမ္ပဏီများ လိုက်နာကျင့်သုံးရမည့် ညွှန်ကြားချက်များ ထုတ်ပြန်ရေး၊ Adjusters and Surveyors License လျှောက်ထားခြင်း၊ ကော်ပိုရိတ်အာမခံ ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ တစ်ဦးချင်းအာမခံကိုယ်စားလှယ်လိုင်စင်များ ထုတ်ပေးရေးနှင့် အာမခံကိုယ်စားလှယ်သင်တန်းကျောင်းခွဲ ဖွင့်လှစ်ခွင့်ပြုရေးတို့ကိုတင်ပြရာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးအတည်ပြုကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ၏ အာမခံစေးကွက်တွင် ရာနှုန်းပြည့်နိုင်ငံခြားသားပိုင် အသက်အာမခံကုမ္ပဏီ ငါးခု၊ ဖက်စပ်အသက်အာမခံကုမ္ပဏီ သုံးခု၊ နိုင်ငံသားပိုင်အသက်အာမခံကုမ္ပဏီ ကိုးခု၊ အာမခံကုမ္ပဏီ သုံးခု၊ နိုင်ငံသားပိုင် အထွေထွေအာမခံကုမ္ပဏီ ခြောက်ခုနှင့် မြန်မာ့အာမခံလုပ်ငန်းအပါအဝင် စုစုပေါင်းအာမခံကုမ္ပဏီ ၂၇ ခု၊ ကော်ပိုရိတ်အသက်အာမခံကိုယ်စားလှယ် လိုင်စင်ရအဖွဲ့အစည်း ၂၃ ခု၊ ကော်ပိုရိတ် အထွေထွေအာမခံ ကိုယ်စားလှယ် လိုင်စင်ရအဖွဲ့အစည်း ၃၂ ခုနှင့် လျော်ကြေးညှိနှိုင်းတွက်ချက်သည့် ကုမ္ပဏီလေးခုတို့မှ အာမခံဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပုဂ္ဂလိကအာမခံကုမ္ပဏီများက အသက်နှင့်အထွေထွေ အာမခံအမျိုးအစား ၅၉ မျိုးကို မြန်မာနိုင်ငံ၏ အာမခံစေးကွက်တွင် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) လည်ပတ်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၉

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ ရောက်ရှိပြီး သံရည်ကျိုအလုပ်ရုံ(၁)တွင် လျှပ်စစ်သံရည်ကျိုမီးဖိုဖြင့် သံတိုသံစများကို ကျိုချက်နေမှု၊ ခဘတ်သတ္တုပါဝင်ပစ္စည်းများချိန်ညှိသည့်မီးဖိုဖြင့် စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် သံမဏိများဖြစ်အောင် ဆောင်ရွက်နေမှု၊ စဉ်ဆက်မပြတ် သံရည်များသွန်းလောင်းနေမှု၊ လေးထောင့်ပုံသံမဏိများ ထွက်ရှိနေမှုနှင့် ဆက်စပ် အလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့သို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက သံမဏိထုတ်လုပ်မှုလုပ်ငန်းများကို လျာထားချက်ထက် ကျော်လွန်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်နှင့် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများနှင့် စက်အရန်ပစ္စည်းများကို ပြည့်စုံအောင် ဖြည့်ဆည်းဆောင်ရွက်ထားရန်၊ ထို့ပြင် လိုအပ်သော လူစွမ်းအားအရင်းအမြစ်များကို ဖြည့်တင်းနိုင်ရေး စီမံချက်များ ရေးဆွဲဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် စက်ပစ္စည်းကိရိယာများအား ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို အမြဲတမ်းဆောင်ရွက်ထားရှိရန်နှင့် ကြိုတင်ကာကွယ် ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကိုလည်း စီမံချက်များ ရေးဆွဲဆောင်ရွက်ရန်၊ သံရည်ကျိုလုပ်ငန်းများ ဆောင်ရွက်စဉ် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် သတ်မှတ်တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းများကို ပြည့်စုံအောင်ဝတ်ဆင်ရန်၊ စက်ရုံအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို စီးပွားဖြစ် ဆောင်ရွက်နိုင်ရေးအတွက် တစ်ယူနစ်ထုတ်လုပ်မှု ကုန်ကျစရိတ်များကိုလည်း ပြန်လည် တွက်ချက်ရန်၊ စက်ရုံမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကို တစ်သမတ်တည်း ထိန်းသိမ်းနိုင်ရေးအတွက် ထုတ်လုပ်မှုနည်းစဉ်တစ်လျှောက် အရည်အသွေး စစ်ဆေးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်နှင့် ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အတွက် လိုအပ်သော သံမဏိထုတ်လုပ်ခြင်း လုပ်ငန်းများကို သွင်းကုန်အစားထိုးအဖြစ် ဆောင်ရွက်နေခြင်းဖြစ်၍ လုပ်ငန်းတာဝန်များကို ကြိုးစားဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းများနှင့် နေ့လယ်စာအတူတကွသုံးဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းဖွင့်ပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၉

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ မဲပေးစက်အသုံးပြုခြင်း ဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းအမှတ်စဉ် (၃/၂၀၂၄) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး တိုးချဲ့ရုံးအဆောက်အအုံ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်စောဝင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ သင်တန်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက် တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ် စာရင်းပြုစုပုံ၊ မဲပေးစက် ပြန်လည်ထုပ်ပိုး သိမ်းဆည်းပုံတို့ကို သင်ကြား ပြသပေးမည်ဖြစ်ပြီး နည်းပြဆရာဖြစ် သင်တန်းသို့ တက်ရောက်ခြင်းအားဖြင့် မဲပေးစက်နှင့်စပ်လျဉ်း၍ သိရှိတတ်ကျွမ်းကာ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများကို ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချချိန်တွင် ကျွမ်းကျွမ်းကျင်ကျင် ညွှန်ကြားပြသနိုင်မည်ဖြစ်၍ ရွေးကောက်ပွဲတွင်လည်း မဲပေးစက်ဖြင့် မဲပေးခြင်းကို ကောင်းမွန်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

လွယ်ကူလျင်မြန်စွာ မဲပေးနိုင်

ထို့ပြင်မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အသုံးပြု၍ ရွေးကောက်ပွဲတွင် မဲပေးဆောင်ရွက်ခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများသည် လွယ်ကူလျင်မြန်စွာဖြင့် သက်သောင့်သက်သာ မဲပေးနိုင်မည်ဖြစ်ပြီး မဲရလဒ်များကိုလည်း တိတိကျကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ရရှိနိုင်မည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ သင်တန်းသား ၂၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

မွန်ညီညွတ်ရေးပါတီ (Mon Unity Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၅ / ၂၀၂၄)
၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်
(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

မွန်ညီညွတ်ရေးပါတီ (Mon Unity Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ (၁၉)လမ်း၊ အိမ်အမှတ် (၁၆)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မွန်ညီညွတ်ရေးပါတီ (Mon Unity Party)** ကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့် အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

မွန်ညီညွတ်ရေးပါတီ (Mon Unity Party) ၏ မှတ်ပုံတင် အမှတ်မှာ (၅၂) ဖြစ်ပါသည်။

(ပုံ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက်တွင် ပန်းတနော်မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးအေးမင်း၊ အရာရှိနှင့် အခြားအဆင့် တပ်ဖွဲ့ဝင်ပေါင်း ၄၀ တို့က ပန်းတနော်မြို့နယ် ဆယ့်နှစ်ရွာကျေးရွာရှိ သိမ်ကုန်းဘုန်းတော်ကြီးကျောင်းအတွင်း ဘုရားဝင်းအတွင်း/အပြင် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ခြင်း၊ သစ်ကိုင်းများ၊ အမှိုက်များ၊ သစ်ရွက်ခြောက်များ ဖယ်ရှားရှင်းလင်းခြင်း၊ ဘုရားရင်ပြင်ပေါ် တံမြက်စည်းလှည်းခြင်းများကို စုပေါင်းဆောင်ရွက်စဉ်။

ကျော်သူအောင်(ပြန်/ဆက်)



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ပန်းပဲတန်းရပ်ကွက် အထက(၁)တွင် မွန်ပြည်နယ် ရဲတပ်ဖွဲ့နှင့်အတူ မိတ်ဖက်တပ်ဖွဲ့များ၊ သတင်းရဲတပ်ဖွဲ့၊ အမှတ်(၁၁) တပ်ဖွဲ့ခွဲ (မွန်)မှ ဒုတိယရဲမှူးကြီး ရန်လင်းအောင်ဦးစီး၍ အရာရှိ လေးဦး၊ အခြားအဆင့် ၁၈ ဦး စုစုပေါင်း ၂၂ ဦးတို့က ကျောင်းဝင်းအတွင်း/ အပြင်ရှိ အမှိုက်သရိုက်၊ ချုံနွယ်များ ရှင်းလင်းခြင်းနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်းခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်စဉ်။

ခင်စန်းမြင့်(ပြန်/ဆက်)

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၉

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၅)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံသားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်း အသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင် ပြင်ဆင်မှုများကို ဆောင်ရွက်ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့် အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၅)မှ သင်တန်းသားများအားတွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့် ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးခဲ့ကြသည်။



ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်း စောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေး အတွက် စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည် စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်း များကို ဖွင့်လှစ်သင်ကြားပေး ခဲ့သည်။ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ် ဧပြီလ ၈ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခု အခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅)ကို ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံသား ကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျော့ပန်စွာ ထမ်းဆောင် နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့ စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံ များကိုလည်း ယခုလိုပဲ ကြားသိရ ပါသည်-















ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

လည်း စစ်မှုထမ်းစေချင်ပါတယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ကာကွယ်ဖို့အတွက်ပါ။ သူငယ်ချင်းတွေကိုလည်း စစ်မှုထမ်းဖို့အတွက် ကျွန်တော်ဖိတ်ခေါ်ပါတယ်။

ကျွန်တော်ကတော့ ဒုတိယနှစ်သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ကပါ။ နိုင်ငံသားတိုင်း ထမ်းဆောင်သင့်တဲ့ ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ဖို့ နိုင်ငံသားတစ်ယောက်အနေနဲ့ ကျေပွန်အောင် ထမ်းဆောင်ချင်လို့ ဒီသင်တန်းကို တက်ရောက်ခဲ့ပါတယ်။ အားကြိုးမာန်တက် လေ့ကျင့်ကြိုးစားနေတဲ့ အစ်ကိုကြီးတွေကို ကြည့်ပြီးတော့ ကြိုးစားချင်စိတ်တွေဖြစ်ပေါ်လာပါတယ်။ကျွန်တော်လည်း ကြိုးစားသွားမှာပါ။

ဒီသင်တန်းကို လာရောက်တက်ရခြင်း ရည်ရွယ်ချက်ကတော့ နိုင်ငံသားတိုင်း ထမ်းဆောင်သင့်တဲ့ ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကိုယ်တိုင်လည်း ထမ်းဆောင်လိုစိတ်ရှိတဲ့ အတွက် လာရောက် တက်ခြင်းဖြစ်ပါတယ်။

သတင်းစဉ်

ကျွန်တော်အပတ်စဉ်(၅) မှာ တက်ရတဲ့ အကြောင်းရင်းနဲ့ ရည်ရွယ်ချက်တွေ အများကြီးရှိပါတယ်။ နိုင်ငံကို ကာကွယ်ဖို့အတွက်၊ လူမျိုးဘာသာသာသနာကိုကာကွယ်ဖို့အတွက်ဝင်ရခြင်း ဖြစ်ပါတယ်။ အရပ်သားဘဝနဲ့ စစ်သားဘဝအများကြီး ကွာခြား ပါတယ်။ ကျွန်တော်ငယ်ငယ် ကတည်းက စစ်သားအလွန် ဖြစ်ချင်တာ ဖြစ်ခွင့်ရမယ်လို့ ထင်မထားခဲ့ပါဘူး။ အခုလိုမျိုး မမျှော်လင့်ဘဲ ဒီလိုစစ်မှုထမ်းရတဲ့ အတွက်ကြောင့် ကျွန်တော် အလွန်ဝမ်းသာပါတယ်။ စစ်မှု မထမ်းရသေးတဲ့ လူငယ်တွေကို

တောင်ငူမြို့၌ နွားမေထုန်မဲ့သားစပ်သင်တန်း ဖွင့်လှစ်

တောင်ငူ စက်တင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကေတုရတနာခန်းမ၌ ပဲခူးတိုင်းဒေသကြီးမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြီးမှူးဖွဲ့ နွားမေထုန်မဲ့ သားစပ်သင်တန်းကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီးမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာဝင်းမိုလ်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသားများကို အားပေးစကားပြောကြားပြီး မေထုန်မဲ့သားစပ်လုပ်ငန်းသုံးလက်အိတ်နှင့် မေထုန်မဲ့သားစပ်လုပ်ငန်းသုံးအထောက်အကူပစ္စည်းတို့ကို ကြည့်ရှုအားပေးသည်။

တောင်ငူခရိုင်၌ မေထုန်မဲ့သားစပ်သင်တန်း (အခြေခံ) ပထမအကြိမ်အဖြစ် ဖြူးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးတွင် သင်တန်းသား ၂၀ ကို စက်တင်ဘာ ၁၀ ရက်မှ ၁၉ ရက်အထိ၊ တောင်ငူမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့မှ သင်တန်းသား ၄၀ ကို တောင်ငူခရိုင်နှင့် မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးခန်းမတွင် စက်တင်ဘာ ၁၅ ရက်မှ ၂၄ ရက်အထိ၊ ရေတာရှည်မြို့နယ်မှ သင်တန်းသား ၂၀ ကို ရေတာရှည်မြို့နယ် တောင်သူလယ်သမားဖွံ့ဖြိုးရေး သင်တန်းကျောင်းတွင် စက်တင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိ၊ အုတ်တွင်းမြို့နယ် သီရိရတနာခန်းမတွင် သင်တန်းသား ၂၀ ကို စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၄ ရက်အထိ စုစုပေါင်း သင်တန်းသား ၁၀၀ ကို သင်တန်းနည်းပြ ခြောက်ဦးက စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်သည်။ အဆိုပါ မေထုန်မဲ့သားစပ်ခြင်းသင်တန်းဖွင့်လှစ်သင်ကြားပေးခြင်းကြောင့် သားစပ်သူများ၏ ကျွမ်းကျင်မှုအရည်အသွေးမြင့်မားလာစေပြီး မျိုးကောင်း၊ မျိုးသန့်၊ မျိုးမြင့် တိရစ္ဆာန်များ တိုးတက်ပွားများလာကာ နိုင်ငံတော်၏ သားငါးထုတ်လုပ်မှုဘက်စုံဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





မကွေးမြို့၌ ထုပ်ပိုးမှုဆိုင်ရာနည်းပညာသင်တန်း ဖွင့်

မကွေး စက်တင်ဘာ ၉

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ပြည်တွင်းဒေသထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံကို အခြေခံသည့် စားသောက်ကုန်ထုတ်လုပ်ရာတွင် ထုပ်ပိုးမှုဆိုင်ရာနည်းစနစ်များကို သိရှိပြီး စနစ်တကျ ထုပ်ပိုးတတ်စေရန် ရည်ရွယ်၍ ထုပ်ပိုးမှုဆိုင်ရာ နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါရုံးသင်တန်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်သည်။

ရှင်းလင်းတင်ပြ

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး သင်တန်းသားများအတွက် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါ်စုခိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းတွင်ပို့ချမည့် သင်ထောက်ကူပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ပြီး အဆိုပါသင်တန်းကို မကွေးမြို့နယ်၊ ချောက်မြို့နယ်နှင့် မင်းဘူးမြို့နယ်တို့ရှိ ကျေးရွာများမှ သင်တန်းသား သင်တန်းသူများအား သင်တန်းနည်းပြများက ထုပ်ပိုးမှုနည်းစနစ်များ၊ အစားအစာများတွင် ကျရောက်တတ်သော ဘေးအန္တရာယ်၊ အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရန် လိုအပ်ချက်များ၊ သီးနှံများ ပျက်စီးရသော အကြောင်းရင်းများ၊ သီးနှံများ တာရှည်ခံပြုပြင် ထုတ်လုပ်သည့် နည်းလမ်းများ၊ တာရှည်ခံ ဆေးဝါးများအကြောင်း၊ Packaging အမျိုးမျိုးပြုလုပ်ခြင်းနှင့် ကုန်အမှတ်တံဆိပ်အကြောင်း၊ စားသုံးသူဥပဒေနှင့် စားသောက်ကုန်ထုတ်လုပ်ရာတွင် လိုက်နာရမည့် ဥပဒေများ စသည်တို့ကို စက်တင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မိုင်းဖြတ်မြို့နယ်၌ ဝန်ထမ်းပေါင်းစုံငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ အစည်းအဝေး ကျင်းပ

မိုင်းဖြတ် စက်တင်ဘာ ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မြို့နယ်ဝန်ထမ်းပေါင်းစုံငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သဘာပတိက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်က အမှာစကားပြောကြားသည်။ ယင်းနောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းနွယ်က လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ အမှုဆောင် ဦးအေးမင်းကြိုင်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ငွေစာရင်းကိုလည်းကောင်း၊ အမှုဆောင် ဦးဝင်းကျော်ဦးက ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းအားလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ တာဝန်ရှိသူများက အသင်းသူအသင်းသား ၁၉၁ ဦးအား တစ်ဦးလျှင် စားဆီ ၅၀ ကျပ်သား ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။



သန်းထွန်းအေး(ပြန်/ဆက်)

ကျိုက်ထိုမြို့အထက(၁) ၌ စာဖတ်ရှုန်မြှင့်တင်ရေး လူငယ်စကားဝိုင်းပြုလုပ်

ကျိုက်ထို စက်တင်ဘာ ၉

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက ကျိုက်ထိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အထက(၁) မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဝေနှင့် စာပေချစ်သူများအသင်းအဖွဲ့မှ အဖွဲ့ဝင် ဦးတင်ထွေးတို့က အမှာစကားပြောကြားကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က လူငယ်စကားဝိုင်းပြုလုပ်ပေးရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာပညာရပ်များသာမက ဗဟုသုတနှင့် ပြည့်စုံရန်၊ အကျင့်စာရိတ္တ ကောင်းမွန်ပြီး အသိဉာဏ်ဖွံ့ဖြိုးသူများဖြစ်စေရန် ပြင်ပစာအုပ်၊ စာပေတို့ကို လေ့လာခြင်းဖြင့် နိုင်ငံ့သားကောင်းလူငယ်များ ဖြစ်လာရေးတို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကိုကျင်းပရာ အထက(၁) မှ မအိမ့်သီရိစံက အစီစဉ်တင်ဆက်သူအဖြစ်ဆောင်ရွက်ပြီး မောင်သူထူးနိုင်၊ မယွန်းနေရည်၊မသဲသစ္စာအောင်၊ မခွန်းချိုချို တို့က“လူငယ်နှင့်အထက်တန်းစားစိတ်ဓာတ်”၊“လူငယ်တွေ လူရည်ချွန် လူရည်မွန်များဖြစ်စေဖို့”၊“လူဖြစ်ကျိုးနပ်မည့်စိတ်ဓာတ်၊စိတ်မြတ်များ” ၊“လူငယ်နှင့်အောင်မြင်မှု” စသည့်ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ ဆိုလိုရင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများ၊ အတွေးအခေါ်များကို ကျယ်ကျယ်ပြန့်ပြန့် မျှဝေဆွေးနွေးခဲ့ကြသည်။

ကျိုက်ထို(ပြန်/ဆက်)

ကလောမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်ပွဲ ကျင်းပ

ကလော စက်တင်ဘာ ၉

ရှမ်းပြည်နယ် တောင်ပိုင်း ကလောမြို့၌ မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် (၁/၂၀၂၄)အရန် မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကလော မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် ကလော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးနိုင်လင်းထွန်းက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ တူညီဝတ်စုံ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်အောင်မိုးက အရန်မီးသတ် ရှာဖွေကယ်ဆယ်ရေးဝတ်စုံ တို့ကို လည်းကောင်း ပေးအပ်ခဲ့သည်။



အဆိုပါသင်တန်းကို ကလော မြို့နယ်အတွင်းရှိ ကလောမြို့၊ အောင်ပန်းမြို့၊ ဟဲဟိုးမြို့၊ ဘော်ဆိုင်းတို့မှ အရန်မီးသတ် တပ်ဖွဲ့ဝင် ၅၀ တို့ကို စက်တင်ဘာ ၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

ကော့သောင်းမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲ ကျင်းပ

ကော့သောင်း စက်တင်ဘာ ၉

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက် ၈ နာရီခွဲက ကော့သောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် အဖွဲ့သည် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အထက (၁)ကျောင်းမှ ကျောင်းသား ကျောင်းသူများက အကအဖွဲ့ဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများက "အလှဆုံးပန်းများ ပွင့်ကြပြီ" အဖွင့်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လူငယ်စာပေဆွေးနွေးပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုံး၊ ကဗျာရွတ်၊ ကျပန်း၊ ပုံပြောပြိုင်ပွဲနှင့် ဥာဏ်စွမ်းရည်ပြိုင်ပွဲများဆောင်ရွက်နေမှုများ၊ အားကစားနှင့်ပျော်ပွဲရွှင်ပွဲများယှဉ်ပြိုင်နေမှုများ၊ ကျောင်းစာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ စာပေလေ့လာဖတ်ရှုနေမှုများကို ကြည့်ရှုအားပေး၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ ပွဲတော်တွင် စာအုပ်ပြပွဲများ၊ လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြပွဲများ၊ ပိုစတာ၊ ပန်းချီကာတွန်းပြပွဲများ ခင်းကျင်းပြသထားရှိပြီး ကဏ္ဍအလိုက်ပြိုင်ပွဲများ၊ အားကစားနှင့်ပျော်ပွဲရွှင်ပွဲများကို ကော့သောင်းမြို့အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများ ပါဝင်ဆင်နွှဲခဲ့ကြကြောင်းနှင့် ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



လပွတ္တာမြို့နယ်၌ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်း ဖွင့်လှစ်

လပွတ္တာ စက်တင်ဘာ ၉

ဧရာဝတီတိုင်း ဒေသကြီး လပွတ္တာမြို့နယ်တွင် ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်းကို ယနေ့ နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွေးနှဒီခန်းမ၌ ကျင်းပသည်။

ဦးစွာ လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကား ပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာန မှူး ဦးမြင့်ဌေးက သင်တန်းဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်စက်မှုလယ်ယာ ဦးစီးဌာနမှူးတို့ကပေးအပ်ခဲ့ကြသည်။



အဆိုပါ သင်တန်းတွင် စပါးရိတ်သိမ်း ခြွေလှေ့စက်ကိုင်တွယ်မောင်းနှင် ထိန်းသိမ်းမှုနှင့် ချိန်ညှိနိုင်မှုများကို စာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မူမူ



လှည်းကူးမြို့နယ်၌ စိုက်ပျိုးရေးနည်းပညာနှင့် အခြေခံမွေးမြူရေးနည်းပညာ သင်တန်းဖွင့်

လှည်းကူး စက်တင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေးနည်းပညာပေးခြင်းနှင့် အခြေခံမွေးမြူရေးနည်းပညာပေးခြင်း သင်တန်းဖွင့်ပွဲကို ရဲမွန်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

ရှင်းလင်းပြောကြား

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၉ ရက်မှ ၁၃ အထိ ငါးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ပုသိမ်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ကျင်းပ

ပုသိမ် စက်တင်ဘာ ၉

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲကို



ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် "မွန်ထရီရယ်နောက်ဆက်တွဲစာချုပ် ရည်မှန်းချက်အောင်မြင်ဖို့ ရာသီဥတု ပြောင်းလဲမှုတိုက်ဖျက်ရေးတိုးမြှင့်ဆောင်ရွက်စို့" ခေါင်းစဉ်ဖြင့် အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အလယ်တန်းအဆင့်ပန်းချီပြိုင်ပွဲ ကျင်းပရာ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၈၇ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြော

ရန်ကုန် စက်တင်ဘာ ၉

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ အရှေ့ပိုင်းခရိုင်ကွပ်ကဲမှုအောက်ရှိ မြို့နယ်များတွင် အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်များ၊ လျှပ်စစ်အန္တရာယ် အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၉ နာရီခွဲတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့က လျှပ်စစ်အန္တရာယ်များနှင့် ပတ်သက်၍ အသေးစိတ် အသိပညာပေး ဟောပြောခြင်း၊ လျှပ်စစ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချစ်ဆောင်

(၁၃)ကြိမ်မြောက် မူးယစ်ဆေးဝါးဆန့်ကျင်ရေးနေ့ အထိမ်းအမှတ် ကျပန်းစကားပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

မော်ဘီ စက်တင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်တွင် (၁၃)ကြိမ်မြောက် မူးယစ်ဆေးဝါးဆန့်ကျင်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို အခြေခံပညာအထက်တန်းကျောင်း(သန္ဓေပင်) ပညာသန္ဓေခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ Grade-9 မှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ညီညီမောက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ခရိုင်အဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ မူလတန်းအဆင့်ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အလယ်တန်းအဆင့် အင်္ဂလိပ်ကျပန်းစကားပြောပြိုင်ပွဲများတွင် မော်ဘီခရိုင်ကိုယ်စားပြု ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်းသိရသည်။ **ဝင်းဇော်(မော်ဘီ)**



ပုသိမ်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ပုသိမ် စက်တင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး၏ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး၏ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။



ဆက်လက်၍ ဆုချီးမြှင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဝါသနာရှင်ပထမတန်းနှင့် ဝါသနာရှင်ဒုတိယတန်း(အမျိုးသား)၊ အဆင့်မြင့်ပညာ(အမျိုးသား)၊ အခြေခံပညာ(၁၅-၂၀)(အမျိုးသား)၊ အခြေခံပညာ(၁၀-၁၅)(အမျိုးသား) မဟာဂီတပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ဝါသနာရှင်ဒုတိယတန်း(အမျိုးသား) တစ်ဦးချင်းအကပြိုင်ပွဲ၊ ဝါသနာရှင်ဒုတိယတန်း(အမျိုးသား) ရုပ်သေးကြိုးဆွဲ၊ ဝါသနာရှင်ပထမတန်း(အမျိုးသား) ကွက်စိပ်ပြိုင်ပွဲများတွင် ပထမဆုရရှိခဲ့သည့် အကပြိုင်ပွဲဝင်များအားလည်းကောင်း၊ ဝါသနာရှင်ပထမတန်းနှင့်ဒုတိယတန်း၊ အဆင့်မြင့်ပညာ အရေးပြိုင်ပွဲများတွင်ပထမဆုရရှိသူများအားလည်းကောင်း၊ ဝါသနာရှင်ပထမတန်းနှင့် ဒုတိယတန်း(အမျိုးသား) ဒုံမင်း၊ အခြေခံပညာ(၁၀-၁၅)နှင့်(၁၅-၂၀) (အမျိုးသား)ဂီတာ၊ အခြေခံပညာ(၁၅-၂၀) (အမျိုးသား)၊ စန္ဒရား၊ အခြေခံပညာ(၁၅-၂၀) (အမျိုးသား)အိုးစည်အဖွဲ့လိုက်၊ ဝါသနာရှင်ပထမတန်းနှင့် ဒုတိယတန်း(အမျိုးသား) ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်ပြိုင်ပွဲများတွင် ပထမဆုရရှိသူများအားလည်းကောင်း၊ အဆိုဒိုင်ချုပ်၊ အရေးဒိုင်ချုပ်၊ အတီးဒိုင်ချုပ်နှင့် ခရိုင်အလိုက် အကဲဖြတ်ဒိုင်များ၊ ကျေးလက်ရိုးရာအကအဖွဲ့၊ ချင်းတိုင်းရင်းသားရိုးရာအကအဖွဲ့နှင့် ရုပ်စုံသဘင်အဖွဲ့တို့အား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများချီးမြှင့်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများဆက်လက်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် တံခွန်စိုက်တတိယဆုရရှိသည့် မအူပင်ခရိုင်၊ ဒုတိယဆုရရှိသည့် မြောင်းမြခရိုင်နှင့် ပထမဆုရရှိသည့် ပုသိမ်ခရိုင်တို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကာ ပြိုင်ပွဲတွင်ဆုရရှိသူများ၏ ပြန်လည်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး၏ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအား ယခုလ ၃ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့ပြီး အဆိုပြိုင်ပွဲဝင် ၁၃၃ ဦး၊ အကပြိုင်ပွဲဝင် ၂၈၁ ဦး၊ အရေးပြိုင်ပွဲဝင် ၁၆ ဦး၊ အတီးပြိုင်ပွဲဝင် ၃၁၁ ဦး စုစုပေါင်း ပြိုင်ပွဲဝင် ၇၄၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



သထုံမြို့နယ်၌ နွားမေထုန်မဲ့သားစပ်သင်တန်းဖွင့်

သထုံ စက်တင်ဘာ ၉

မွန်ပြည်နယ် သထုံမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ စီစဉ်ဖွင့်လှစ်သည့် နွားမေထုန်မဲ့သားစပ်သင်တန်း(၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လိပ်အင်းရပ်ကွက်ရှိ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသက်နိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဝင်း ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင် ၃၂ ဦးတို့က အမှတ်(၈) ဒရယ်မီးရပ်ကွက်အတွင်းရှိ (မူလွန်)ဒရယ်မီးကျောင်းဝင်း အတွင်း/အပြင်တို့၌ စက်တင်ဘာ ၈ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ကျော်ကျော်(ပြန်/ဆက်)

မှော်ဘီမြို့နယ်၌ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်

မှော်ဘီ စက်တင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှဦးစီး၍ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို စက်တင်ဘာ ၉ ရက်က မှော်ဘီမြို့နယ် ညောင်ကုန်းကျေးရွာတွင် ဖွင့်လှစ်သည်။

အခမ်းအနားတွင် မှော်ဘီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲဇော်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို တစ်လကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုဇင်(ပြန်/ဆက်)





အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေး

မှော်ဘီ စက်တင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော မှော်ဘီမြို့နယ်ရှိ Myanmar Wide Garment စက်ရုံမှ အာမခံအလုပ်သမားအတွက် လုပ်ငန်းခွင်ပြင်ပထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဘားလမ်းရှိ တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ယနေ့ မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

ရှင်းလင်းပြောကြား

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော Myanmar Wide Garment စက်ရုံမှ အာမခံအလုပ်သမား ဦးရှိုင်းကိုကို၏ လုပ်ငန်းခွင်ပြင်ပထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း ခွင့်ပြုငွေ ၄၆၉၅၆၈ ကျပ်ကို ဦးရှိုင်းကိုကိုထံ ထုတ်ပေးခဲ့ကြောင်း သိရသည်။

ကောင်းမြတ်သူ(မှော်ဘီ)

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက်က ကျိုက်မရောမြို့နယ် အမှတ်(၁၅) လုံခြုံရေးတပ်ဖွဲ့ခွဲမှ ခေတ္တဌာနချုပ်တပ်ခွဲမှူး /တပ်ရေးအရာရှိဒုတိယရဲမှူးစိုးနိုင်၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များက အထက(ပိန်းနဲကုန်း) ကျောင်းဝင်းရှိ မြက်ပင်များ၊ ချုံနွယ်ပိတ်ပေါင်းများ၊ အမှိုက်များနှင့် သစ်ပင်ကြီးများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းစသည့် ပြည်သူ့အကျိုးပြုသန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်စဉ်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)



မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၉

ချင်းပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

တရုတ်နိုင်ငံက ကနေဒါနိုင်ငံ၏ဆီမုန်ညင်းစေ့တင်သွင်းမှုအပေါ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်

တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးယာဉ်များ၊ သံမဏိနှင့် အလူမီနီယံများအပေါ် အကောက်ခွန်နှုန်းများ သတ်မှတ်လိုက်သည့် ကနေဒါနိုင်ငံ၏ ဆုံးဖြတ်ချက်အပေါ် ပါးကိုက်လျှင်နားရွက်ပြန်ကိုက်သည့် တုံ့ပြန်မှုတစ်ခုအဖြစ် ကနေဒါနိုင်ငံမှ Canola သွင်းကုန်များနှင့်စပ်လျဉ်း၍ တန်ပြန်စုပုံ စုံစမ်းစစ်ဆေးမှုများပြုလုပ်သွားရန် တရုတ်နိုင်ငံက စီစဉ်လျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံအနေဖြင့် အကောက်ခွန်နှုန်းများ သတ်မှတ်လိုက်ခြင်းအပေါ် ကျေနပ်မှုမရှိဘဲ ပြင်းထန်စွာကန့်ကွက်ခဲ့ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အငြင်းပွားဖြေရှင်းမှုလုပ်ငန်းစဉ်အောက်မှ ဖြေရှင်းဆောင်ရွက်သွားရန်ရည်ရွယ်ကြောင်း အင်္ဂါနေ့ကထုတ်ပြန်ချက်တစ်ရပ်တွင် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ အကောက်ခွန်ဌာန၏ အချက်အလက်များကို ကိုးကားထားသည့် Bloomberg ၏ သတင်းအရ ပြီးခဲ့သည့်နှစ်က တရုတ်နိုင်ငံ၏ ဆီမုန်ညင်းစေ့တင်သွင်းမှု စုစုပေါင်း ၉၀ ရာခိုင်နှုန်းသည် ကနေဒါနိုင်ငံမှဖြစ်ပြီး စုစုပေါင်းတန်ချိန်မှာ ၅ သန်းခန့်ရှိသည်။

တရုတ်နိုင်ငံ၏ ပြည်တွင်းစက်မှုလုပ်ငန်းများ၏ ပြောကြားချက်အရ တရုတ်နိုင်ငံသို့ ကနေဒါနိုင်ငံမှ ဆီမုန်ညင်းစေ့တင်ပို့မှုများမှာ သိသိသာသာ တိုးတက်လာခဲ့ကြောင်းနှင့် ကနေဒါနိုင်ငံ၏ မမျှတသောယှဉ်ပြိုင်မှုကြောင့် တရုတ်နိုင်ငံ ပြည်တွင်းဆီမုန်ညင်းနှင့်ဆက်စပ်သည့် စက်ရုံများမှာ ငွေကြေးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရကြောင်း ထုတ်ပြန်ချက်တွင် ထပ်လောင်းဖော်ပြထားသည်။

၂၀၂၃ ခုနှစ်တွင် ကနေဒါ၏စုပုံတင်ပို့မှုမှာ နှစ်အလိုက် ၁၇၀ ရာခိုင်နှုန်း တိုးလာကာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၇ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ဈေးနှုန်းများမှာ ဆက်လက်ကျဆင်းခဲ့ကြောင်း၊ တရုတ်နိုင်ငံက တန်ပြန်စုပုံစစ်ဆေးမှုများ ပြုလုပ်သွားမည်ဟု ပြောကြားလိုက်ပြီးနောက် Zhengzhou Commodity Exchange တွင် ဆီမုန်ညင်းစေ့ဈေးနှုန်းများသည် ၅ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ကာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၁ ဒသမ ၈၀ ဖြင့် ဩဂုတ် ၆ ရက်နောက်ပိုင်း စံချိန်တင်အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း Reuters သတင်းအရ သိရှိရသည်။

တရုတ်နိုင်ငံအနေဖြင့် Canola တင်သွင်းမှုများအပြင် ကနေဒါနိုင်ငံ၏ ဓာတုဗေဒထုတ်ကုန်ပစ္စည်းများကိုလည်း စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ စီးပွားကူးသန်းဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကနေဒါနိုင်ငံအနေဖြင့်ငင်း၏ပြည်တွင်းကုမ္ပဏီများအား အကာအကွယ်ပေးနိုင်ရန်အလို့ငှာ ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့၏ သတ်မှတ်ချက်များနှင့်အညီ တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးယာဉ်များအပေါ် ၁၀၀ ရာခိုင်နှုန်း၊ အာရှနိုင်ငံများမှ သံမဏိနှင့် အလူမီနီယံများအပေါ် ၂၅ ရာခိုင်နှုန်း အခွန်ပေးဆောင်ရန် ပြီးခဲ့သည့်အပတ်က ကြေညာခဲ့သည်။

ပေကျင်း၏ ပြည်တွင်းထုတ်လုပ်သူများအား မမျှတသော အထောက်အပံ့ပေးမှုများကြောင့် ၎င်းတို့၏ ထုတ်ကုန်များမှာ ပြည်ပဈေးကွက်များတွင် စုံပုံမှုများဖြစ်ပေါ်စေပြီး အဆိုပါဈေးကွက်များရှိ ပြည်တွင်းကုမ္ပဏီများမှာ ထိခိုက်နစ်နာမှုများ ကြုံတွေ့ရသည့်အတွက် အမေရိကန်နိုင်ငံနှင့် ဥပရောပသမဂ္ဂတို့က တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးယာဉ်များအပေါ် မကြာသေးမီက အခွန် ၁၀၀ ရာခိုင်နှုန်းနှင့် ၃၆ ရာခိုင်နှုန်း အသီးသီး သတ်မှတ်ခဲ့ကြသည်။

ကနေဒါနိုင်ငံကချမှတ်သည့် အကောက်ခွန်အသစ်မှာ Hybrid ခရီးသည်တင်မော်တော်ယာဉ်များ၊ ကုန်တင်ကားများ၊ ဘတ်(စ်)ကားများနှင့် ကုန်ပစ္စည်းဖြန့်ဖြူးသည့် ယာဉ်များအတွက် အောက်တိုဘာ ၁ ရက်တွင်လည်းကောင်း၊ သံမဏိနှင့် အလူမီနီယံတို့အတွက် အောက်တိုဘာ ၁၅ ရက်တွင်လည်းကောင်း စတင်ကောက်ခံသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် Justin Trudeau က ပြီးခဲ့သည့်အပတ်တွင် ကြေညာခဲ့သည်။

ကနေဒါနိုင်ငံအနေဖြင့် ချက်ပြုတ်ခြင်းလုပ်ငန်း သို့မဟုတ် စက်မှုလုပ်ငန်းများအတွက် အသုံးပြုသည့် Canola ကို ကမ္ဘာ့ထိပ်တန်း တင်ပို့နေသည့် နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံသည်လည်း ကမ္ဘာပေါ်တွင် ဆီထွက်သီးနှံ အများဆုံးဝယ်ယူသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း Reuters ၏ အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

Source: Forbes Middle East (3 September 2024)

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း၌ တိုင်ဖွန်းမုန်တိုင်းရာဂီ ဝင်ရောက်မှုကြောင့် မြေပြိုမှုနှင့်ရေကြီးရေလျှံမှုများ ဖြစ်ပွား

ဟန္ဒိုင်း စက်တင်ဘာ ၉

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းတွင် တိုင်ဖွန်းမုန်တိုင်းရာဂီ ဝင်ရောက်မှုကြောင့် မြေပြိုမှုနှင့်ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ လက်ရှိအချိန်တွင် ဒေသခံ ၅၉ဦးသေဆုံးပြီး အများအပြားပျောက်ဆုံးနေကြောင်း ဆင်ဟွာသတင်းအရ သိရသည်။



ထိခိုက်ပျက်စီးခဲ့

၎င်းတိုင်ဖွန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ကွန်နင်းပြည်နယ်တွင် ၁၅၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ရေယာဉ် ၂၅ စင်း နစ်မြုပ်ပျက်စီးခဲ့ကာ စပါးစိုက်ဧကဟက်တာ ၁၁၃၀၀၀ နှင့် အခြားသီးနှံစိုက်ဧကဟက်တာ ၂၂၀၀၀ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဖူသိုပြည်နယ်၌ တိုင်ဖွန်းမုန်တိုင်းရာဂီ ဝင်ရောက်တိုက်ခတ်အပြီး ယနေ့တွင် သံမဏိသံပေါင်တံတားတစ်စင်း ကျိုးကျပျက်စီးခဲ့ကြောင်း သိရသည်။

တံတားကျိုးကျမှုကြောင့် တံတားပေါ်တွင် ဖြတ်သန်းသွားလာနေသည့် မော်တော်ယာဉ်အများအပြား တံတားအောက်ရှိ မြစ်အတွင်းသို့ ထိုးကျခဲ့သည်။

ယနေ့နံနက် ၁၀ နာရီတွင် တံတားကျိုးကျမှု ဖြစ်ပွားခဲ့ပြီး လက်ရှိအချိန်တွင် သုံးဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ တံတားကျိုးကျမှုကြောင့် ဒေသအတွင်းရှိ လန်သိုန့်နှင့် တန်နောင်ခရိုင်များအကြား ဆက်သွယ်ရေးလမ်းကြောင်း ပြတ်တောက်ခဲ့သည်။ အခင်းဖြစ်ပွားရာနေရာတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဒုတိယဝန်ကြီးချုပ် ဟိုဒိဖာ့ဒ်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

လက်ရှိအချိန်တွင် ဒေသခံများ ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် ယာယီရေပေါ်တံတားတစ်ခု တည်ဆောက်ရန် ၎င်းကညွှန်ကြားခဲ့သည်။ အခင်းဖြစ်ပွားရာတံတားအောက်ရှိ မြစ်တွင် တပ်မတော်က ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် မော်တော်ဘုတ်များ အသင့်ပြင်ဆင်ထားကြောင်း ဒုတိယဗိုလ်ချုပ်ကြီး ဖန်ဒတ်ဒူရင်က ပြောကြားသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံရဲတပ်ဖွဲ့ဝင်များလည်း ပါဝင်ဆောင်ရွက်မည်ဖြစ်သည်။ လက်ရှိအချိန်တွင် တံတားအောက်သို့ ပြုတ်ကျခဲ့သည့်ယာဉ်များတွင် ခရီးသည်အရေအတွက် မည်မျှစီးနင်းလိုက်ပါလာကြောင်း မခန့်မှန်းနိုင်သေးသည့်အတွက် သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက်ကို မသိရှိနိုင်သေးကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

ယခုနှစ် ပထမရှစ်လအတွင်း နိုပေါနိုင်ငံသို့ နိုင်ငံခြားသားခရီးသွား ၇၂၀၃၃၄ ဦး လာရောက်

ခတ္တမန္နူ စက်တင်ဘာ ၉

ယခုနှစ် ပထမရှစ်လအတွင်း နီပေါနိုင်ငံသို့ နိုင်ငံခြားသားခရီးသွား စုစုပေါင်း ၇၂၀၃၃၄ ဦး လာရောက်ခဲ့ပြီး ၂၀၁၉ ခုနှစ်နောက်ပိုင်း ဒုတိယအများဆုံးဖြစ်သော်လည်း ခရီးသွားအာဏာပိုင်များ မျှော်လင့်ထားသလောက် မြင့်တက်မှုမရှိခဲ့ကြောင်း သိရသည်။

နီပေါနိုင်ငံသို့ ၂၀၂၃ ခုနှစ် အလားတူကာလတွင် နိုင်ငံခြားသားခရီးသွား ၆၀၁၃၆၀ နှင့် ၂၀၁၉ ခုနှစ် ပထမရှစ်လအတွင်း နီပေါနိုင်ငံသို့ နိုင်ငံခြားသားခရီးသွား စုစုပေါင်း ၇၃၉၃၂၃ ဦးလာရောက်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ၂၀၁၉ ခုနှစ်အတွင်း စံချိန်တင်ဝင်ရောက်ခဲ့သည့် နိုင်ငံခြားသားခရီးသွား အရေအတွက်ကို ကျော်လွန်ရောက်ရှိရန် မျှော်လင့်ထားကြောင်း နီပေါနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့က ပြောကြားသည်။

အထူးသဖြင့် နီပေါနိုင်ငံတွင် လေယာဉ်ပျက်ကျမှုနှင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားလေ့ရှိခြင်းကြောင့် ယခုနှစ်ဇူလိုင်လနှင့် သြဂုတ်လအတွင်း နိုင်ငံခြားသားခရီးသွားဝင်ရောက်မှု ကျဆင်းလာကြောင်း သိရသည်။

နီပေါနိုင်ငံတွင် ခရီးသွားလုပ်ငန်းမှ ဝင်ငွေသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နီပေါရူပီး ၈၂ ဒသမ ၃၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆၁၄ သန်း) တိုးလာပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၆၂ ဒသမ ၂ ဘီလီယံရှိခဲ့ကြောင်း သိရသည်။

ခရီးသွားလုပ်ငန်းသည် နီပေါနိုင်ငံအတွက် နိုင်ငံခြားဝင်ငွေအများဆုံးရရှိသည့် လုပ်ငန်းဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်



မော်ရိုကိုနိုင်ငံတောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အနည်းဆုံး ၁၁ ဦး သေဆုံး

ရာဘတ် စက်တင်ဘာ ၉

မော်ရိုကိုနိုင်ငံတောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အနည်းဆုံး ၁၁ ဦးသေဆုံးပြီး ကိုးဦးပျောက်ဆုံးနေကြောင်း သိရသည်။

သေဆုံးသူခုနစ်ဦးမှာ တာတာပြည်နယ်မှ ဒေသခံများဖြစ်ကာ အခြားလေးဦးမှာ အီယာချီဒီယာပြည်နယ်နှင့် တစ်နက်ပြည်နယ်များမှ ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ယာချက် အယ်လ်ခါဖီက ပြောကြားသည်။

ဖုန်းဆက်သွယ်ရေးကွန်ရက်များပျက်စီးခဲ့

၎င်းမိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိမ်အလုံး ၄၀ အပါအဝင် လမ်းများ၊ မီးရထားလမ်း၊ သောက်သုံးရေရှိမှုနှင့် ဖုန်းဆက်သွယ်ရေးကွန်ရက်များ ပျက်စီးခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်တွင် အခင်းဖြစ်ပွားရာဒေသ၌ လမ်းများပြန်လည်အသုံးပြုနိုင်ရေးအတွက် စက်ယန္တရား ၉၆ စီးနှင့် ဝန်ထမ်း ၂၀၀ ခန့်အား တာဝန်ချထားသည်။ ဒေသခံများအားရာသီဥတုအခြေအနေဆိုင်ရာ သတင်းထုတ်ပြန်ချက်များကို သတိပြုကြရန် တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့မှ ဖမ်းဆီးခံရသော လူငယ်များကို ခိုလန့်နှင့် နမ့်စန်မြို့များသို့ ပို့ဆောင်လျက်ရှိကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် စက်တင်ဘာ ၉

စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့၌ စစ်မှုထမ်းဆောင်ရန်အတွက် ဖမ်းဆီးခံရသော လူငယ်များကို ခိုလန့်နှင့် နမ့်စန်မြို့များသို့ ပို့ဆောင်လျက်ရှိကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ အဆိုပါမြို့များမှ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ စစ်မှုထမ်းဆောင်ရန် အတွက် ပေါ်တာဆွဲဖမ်းဆီးမှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်နေသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရေးအတွက် လိုအပ်သည့် နယ်မြေ လုံခြုံရေး ဆောင်ရွက်ခြင်း၊ ရှောင်တခင် စစ်ဆေးခြင်းနှင့် လှည့်ကင်း၊ ပတ်ကင်းများကို တာဝန်သိပြည်သူများနှင့် ပူးပေါင်း



ဆောင်ရွက်နေခြင်းသာ ဖြစ်ကြောင်း၊ စစ်မှုထမ်းဆောင်ခြင်းနှင့် ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြုပြဋ္ဌာန်းထားပြီး သက်ဆိုင်ရာအဖွဲ့အစည်းများက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက မြို့အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ ဓာတ်ပုံအဟောင်းများကို အသုံးပြု၍ အခြေအမြစ်မရှိသည့် သတင်းအမှားများဖြင့် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်ခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

သိမ်းဆည်းခံရနိုင်

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Yeko” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ ဇော်သဲ(ခ)ရဲကိုအား မွန်းတည့် ၁၂ နာရီတွင် လည်းကောင်း၊ “@aunglay 12314” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် သာယာမွန်ကျေးရွာနေ အောင်ဝေလင်းအား ည ၈ နာရီ မိနစ် ၂၀ တွင် လည်းကောင်း၊ “Thein Oo Kyi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းမြို့နယ် (က)ရပ်ကွက်နေ သိန်းဦးကြည်အား ည ၉ နာရီ မိနစ် ၅၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက်တွင် ဖြူးမြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်လင်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ရွှေကျင်တောင်စာသင်တိုက်အတွင်း ချုံနွယ်မြက်များ ရှင်းလင်းပြီး သမိုင်းဝင် ပုညမုနိစေတီတော်မြတ်ကြီးနှင့် မဟာဗောဓိ ညောင်ပင်တို့တွင် သန့်ရှင်းရေးဆောင်ရွက်စဉ်။

နေမျိုးလွင်(ပြန်/ဆက်)

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၈ ရက်တွင် ဇလွန်မြို့နယ် ခေတ္တရဲမှူး အောင်ကြည်စိန် ဦးဆောင်၍ ဇလွန်မြို့နယ် တပ်ဖွဲ့မှူးရုံး မြို့မစခန်းမှူးရဲဝင်း၊ ကော့ကပ်နယ်မြေစခန်းမှ တပ်ဖွဲ့ဝင်များက ဇလွန်မြို့ ညောင်ပင်ဈေးရပ်ကွက် မဟာနာဂဝံသ(တိမ်ကျောင်း) ဘုန်းတော်ကြီးကျောင်းအတွင်း ချုံမြက်ပေါင်းပင်များ ရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်စဉ်။

ဦးငွေ(ဇလွန်)



❍ ကျောဖုံးမှ

ကိုင်တွယ်ခဲ့သော်လည်း MNL League Cup ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သလို MNL အမှတ်ပေးပြိုင်ပွဲတွင်လည်း ထိပ်ဆုံးနေရာ ပို့ဆောင်ပေးနိုင်ခဲ့သည်။ သို့သော် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်နေရာအတွက် ဦးမျိုးလှိုင်ဝင်းကို ကမ်းလှမ်းခဲ့သဖြင့် ရှမ်းယူနိုက်တက်အသင်းက စာချုပ်ဖျက်သိမ်းပေးခဲ့ခြင်းဖြစ်သည်။ ဦးမျိုးလှိုင်ဝင်းသည် လက်ရွေးစင်အသင်းအဖြစ် ယခင်က မြန်မာ ၂၃-ဘ အသင်းကို ကိုင်တွယ်ခဲ့ဖူးပြီး မြန်မာ့လက်ရွေးစင်အသင်းကိုမူ ပထမဆုံးကိုင်တွယ်ခွင့်ရရှိခြင်းဖြစ်သည်။

ဦးမျိုးလှိုင်ဝင်းသည် ကစားသမားဘဝတွင် အာဆီယံဒေသတွင်း ထင်ရှားသည့် တိုက်စစ်မှူးတစ်ဦးဖြစ်ခဲ့ပြီး ကစားသမားဘဝတွင် ပြည်တွင်းကလပ်သာမက ပြည်ပကလပ်များတွင်ပါ သွားရောက်ကစားဖူးသူဖြစ်သည်။

သတင်း - ကိုညီလေး

ဓာတ်ပုံ - MFF

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၉-၂၀၂၄ အင်္ဂါနေ

MRTV HD

၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော်(မေတ္တာသုတ်၊ရတနာသုတ်၊တောဂျုဂ်သုတ်)
၀၆:၃၀ စုဒ္ဒသမဟိဠိဋ္ဌကရဝမ္ဘာဇာတ်တော်)၏ ဘဒ္ဒန္တစိရိယာနန္ဒ (ကမ္ဘာဆေးရာတော်)၏ ထေရုပ္ပတ္တိမုတ်တမ်း(အပိုင်း - ၂)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၀ နိုင်ငံ့အကျိုးအတွက်မှန်းပျော်ရည် ခိုင်မာတိုးတက်ဝေရမည် (Video Clip)
၀၉:၁၀ နဝဂံဥပါသထသီလပေးတရားတော်
၀၉:၃၀ ထူးခြားစုံလင်အာရုပစိတ်အစီအစဉ်
၀၉:၄၀ Sports Diary
၁၀:၃၅ ရတနာထိုက်စွာပယင်းရတနာ
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နှိုက်'** (အပိုင်း-၄၀)
၁၃:၀၀ MRTV National News
၁၃:၄၀ မိုးဝုဂ်တင့်ဝေဆိုကရေးတီးအပွေ
၁၅:၃၀ Weekly MNL Review
၁၆:၃၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၁၇:၀၅ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
၁၇:၃၀ သဘာဝဂေဟရတနာ **'ဘီကာဘိုရာစီ အဃိုးသားဥယျာဉ်'**
၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နှိုက်'** (အပိုင်း-၅၀)(ဇာတ်သိမ်းပိုင်း)
၂၀:၀၀ ပြည်တွင်းသတင်း
နိုင်ငံတကာသတင်း
ပိုးလေဝသအခြေအနေ
၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟန်ဆောင်ကမ္ဘာထဲတဇွရည်စိမ်မှတ်တမ်း'** (အပိုင်း-၁၇)
၂၂:၁၀ မြန်မာဇာတ်လမ်းတွဲ **'အသစ်းနားဆုံးသစ်ဝင်'** (အပိုင်း-၁၃)

mitv

07:02 Evergreen Classic: Mingalar Su Taung (Kyawt Kay Khaing)
07:10 Tea Leaves
07:17 A Glimpse of Taungoo & its Delicacies
07:33 Life of A Farmer
08:01 News
08:26 Topics Potpourri; The Hidden Artistry Behind Dinosaur Fossil Reconstruction
08:32 Thatbyinnyu Temple
08:45 Robe Business in Ta Ma Ta Kaw
09:01 IIntroductory Programme of Literary Award Winners (U Ye Dway)
09:24 Listening Pleasure, Instrumental Music (Horn Violin) Son Taw Myaing
09:37 Changes in Myanmar's Printing Industry
10:01 News
10:26 Lifestyle & Entertainment (Weekly Updates)

MRTV NRC

၀ (၀၆:၀၀ မှ ၀၈:၀၀)
ဒေါက်ဆွဲချပ်ပြုလုပ်နည်း

ကချင် (၀၈:၀၀ မှ ၁၀:၀၀)
ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ

ကယား (၁၀:၀၀ မှ ၁၂:၀၀)
အလှမှာယဉ်ဆေးဖက်ဝင်သည့် တရုတ်စံကားပွင့်လေးများ

ဝေကကရင် (၁၂:၀၀ မှ ၁၃:၀၀)
တေလဒူးနှိုင်း

အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)
ဂျောဝတီရဲ့အရိုင်းဆန်တဲ့အလှဝေဂါနှိုဂျီ(အပိုင်း-၂)

အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)
စားလို့ကောင်းတဲ့သပြုသီးဇာလပေါ

ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)
သင်မယ်၊ရေးမယ်တို့ချင်းစာ(အပိုင်း-၂၉)

ချင်း (ဆျိုး) (၁၆:၀၀ မှ ၁၇:၀၀)
ပိုးတွင်းညထွက်သားငါးရှာဖွေခြင်း

မွန် (၁၇:၀၀ မှ ၁၉:၀၀)
မုဒုံမြို့သို့အလည်တစ်ခေါက်ဘင်လိုင်ဘုရား

ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၄)

ရှမ်း (၂၁:၀၀ မှ ၂၂:၀၀)
ထင်ရူးတန်းကမ္ဘီက်ခံပန်း(အပိုင်း-၂)(ဇာတ်လမ်း)

MRTV NEWS

၀၆:၀၀ အဖွင့်၊တေးသီချင်း
၀၆:၃၀ အားကစားသတင်း
၀၈:၄၅ Economic Review
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၀:၄၅ အသိပညာနှင့်အမှန်တရား
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၃:၀၀ MRTV National News
၁၆:၀၀ သတင်းမုန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၉:၄၅ Save Our Planet Program
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **'အစွဲငးနိုင်ငံ'**
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အဝယ်ဝငေလာနို့'**
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **'အစွဲတယ်းနိုင်ငံ'**
၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၁)
၁၁:၀၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၁၉)

MRTV FARMERS HD

၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
၀၆:၁၅ စနစ်တကျမန်မာ့တီးတိတွင် မြန်မာ့အထူးတန်းကော်ပီလုပ်ငန်းခွင်
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၀:၀၀ ငှိရင်ခွင်ထဲကလိပ်ပြာ(ဇာတ်လမ်း)
၁၃:၃၀ TIPS & TRICKS
၁၅:၀၀ Haunted Mansion(နိုင်ငံခြားဇာတ်လမ်း)

MRTV SPORTS HD

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၁၆:၀၀ အားကစားနည်းအခြေခံနည်းစနစ်များ (ဒနောက်တန်း)
၁၇:၀၀ အားကစားသတင်း
၁၈:၀၀ E Sports

Scan Here
MRTV MRTV MRTV Radio MRTV Radio
Education Channel ကို ဇုန်(၂) ပုဏ္ဏား (၂၀၀၁)ကုမ္ပဏီမှ တင်ကြေးနှုန်း (၄)ကုဋေ (၆)ကြိမ်-နှုန်း ထုတ်လွှင့်ခြင်းသဖြင့်ကြိုဆိုပါသည်။

အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၉ အားကောင်းသောမုန်တိုင်းငယ် အခြေအနေ


ယနေ့ည‌နေ ၅ နာရီခွဲ တိုင်းထွာချက်များ အရ အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်ကမ်းခြေကို ပူရီမြို့အနီးမှ ဖြတ်ကျော်ခဲ့သော အားကောင်းသော မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဩရိသပြည်နယ်ကုန်းတွင်းပိုင်းဒေသများသို့ ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။

နောက်(၂၄)နာရီအတွင်းခန့်မှန်းချက်


အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက် ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ တဖြည်းဖြည်း အားလျော့သွားနိုင်ကာ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက် ဘက်သို့ ရွေ့လျားပြီး အိန္ဒိယနိုင်ငံ ချက်တစ်ဂတ်ပြည်နယ်သို့ ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

သတိပေးန်းဆော်ချက်

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ည‌မှ စက်တင်ဘာ ၁၂ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။



၉-၉-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန်(၁၇:၃၀)နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသော မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ



အကြံပြုချက်


သို့ဖြစ်ပါ၍ အားကောင်းသော မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုးနှင့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Tractor Head နှစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၀၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၉ ရက်တွင် ကယားပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လွိုင်ကော်မြို့ လောခမ္မရပ်ကွက်၌ လိုင်စင်မဲ့ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ်၌ သိမ်းဆည်းရမိမှု။

ထို့ပြင် စက်တင်ဘာ ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Prado ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၉ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သာယာဝတီမြို့ မီးနင်းချောင်းဂိတ်အနီး၌ ရန်ကုန်မြို့မှ ညောင်ဦးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၅၂၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၆၇၈၀၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

ပေါက်ခေါင်းမြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း ကျန်းမာရေးအသိပညာပေး

ပေါက်ခေါင်း စက်တင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်မျိုးမြတ်၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ပူးပေါင်း၍ မိုးရာသီကာလတွင် ဖြစ်ပွားသည့် ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာများ ဟောပြောခြင်းကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း အထက (ပေါက်ခေါင်း)ရွှေရတုခန်းမတွင် ပြုလုပ်သည်။

ဦးစွာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်ကလေးကျောင်းကျန်းမာအာဟာရ မြို့နယ်ဦးစီးအရာရှိ ဒေါ်စန်းစန်းနွယ်နှင့် အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ငွေးငွေးမြင့်တို့က ကျောင်းသား ကျောင်းသူများအား မသန့်ရှင်းသောရေနှင့် အစားအစာများကို စားသောက်မိရာမှ တစ်ဆင့် ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်ပွားရခြင်း၊ ရောဂါဖြစ်ပွား လေ့ရှိသည့် အချိန်ကာလများ၊ ရောဂါလက္ခဏာများအကြောင်း၊ ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများ၊ ဆောင်ရန်/ရှောင်ရန် အချက်များနှင့် ရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနတွင် အချိန်မီ ဆေးကုသမှုခံယူရမည်ဖြစ်ကြောင်းနှင့် Mpox (မျောက်ကျောက်ရောဂါ)စတင်ဖြစ်ပွားပုံနှင့်ကာကွယ်နိုင်မည့် နည်းလမ်းများအကြောင်းကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ မြို့မဈေးနှင့် တိုက်နယ်ဆေးရုံတို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ထိန်းချုပ်ရေးအသိပညာပေး ဗီနိုင်းပို့စတာများစိုက်ထူပေးခဲ့ကြောင်း သိရသည်။ **သန်းထွန်းအောင်(ပြန်/ဆက်)**





နှစ်(၆၀) ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် စက်တင်ဘာ ၉ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းပိုင်၊ မြို့မရဲစခန်းမှူးဇော်နိုင်လင်း၊ နယ်မြေရဲစခန်းမှူး ရဲအုပ်အေးကို၊ မီးသတ် ဦးစီးမှူး ဝင်းနိုင်ဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ မင်းလှမြို့နယ် သရက်တပင်အုပ်စု သရက်တပင်တာဆုံမြို့ဦး နန္ဒင်းဘုရား၌ မြက်များ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ တံမြက်စည်းလှည်းခြင်းတို့ကို ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

နှစ် (၆၀) ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ဇီးပင်သာအမြန်လမ်းမကြီး ရဲစခန်းမှ စခန်းမှူး ရဲအုပ်အောင်အောင် ဦးစီး ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက တောင်ငူမြို့နယ် ကုက္ကိုလ်ပင်စုကျေးရွာ မြရောင်ခြည်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၊ အပြင်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

ကိုလွင်(ဆွာ)





နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသော အားဖြင့် ဗိုလ်တထောင်မြို့နယ် ရဲရိပ်သာရပ်ကွက်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ပရိဝုဏ်အတွင်း စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ဗိုလ်တထောင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မျိုးဦးဆောင်သည့် တပ်ဖွဲ့ဝင်များ သစ်ကိုင်းများ၊ အမှိုက်များ၊ သစ်ရွက်များ ဖယ်ရှားရှင်းလင်းခြင်းနှင့် စေတီတော်ရင်ပြင်ပေါ်တွင် တံမြက်စည်းလှည်းခြင်းတို့ စုပေါင်းဆောင်ရွက်စဉ်။ ဝ၃၁

သဘော်သားများအတွက် လုပ်ငန်းခွင်သုံးအင်္ကီလိပ်စာ အခမဲ့သင်တန်းဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၉

မြန်မာနိုင်ငံ ပင်လယ်ကူးသဘော်သား အလုပ်သမားများအဖွဲ့ချုပ်က ကြီးမှူးပြီး အပျော်စီးသဘော်ပေါ်တွင် တာဝန်ထမ်းဆောင်မည့် သဘော်သားများအတွက် လုပ်ငန်းခွင်သုံးအင်္ကီလိပ်စာအခမဲ့သင်တန်း အမှတ်စဉ်(၄) ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ပင်လယ်ကူးသဘော်သား အလုပ်သမားများအဖွဲ့ချုပ်ရုံးတွင် ဖွင့်လှစ်သည်။

"လက်ရှိပြည်တွင်းသဘော်သားလောကမှာ အပျော်စီးသဘော်တွေမှာ အမျိုးသား အမျိုးသမီးတွေ သဘော်လိုက်တဲ့အခါမှာ အရေအတွက်လည်း နည်းပါးသေးပါတယ်။ အခုမှ ဖွံ့ဖြိုးခါစအနေအထားဖြစ်တဲ့အတွက် သဘော်ပေါ်မှာ အသုံးပြုရတဲ့ ဘာသာစကားကို လက်ရှိအတွေ့အကြုံရှိတဲ့သူတွေကသင်ကြားပို့ချပေးတာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံပင်လယ်ကူးသဘော်သား အလုပ်သမားများအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



လုပ်ငန်းခွင်သုံး အင်္ကီလိပ်စာအခမဲ့သင်တန်းကို ဝါရင့်အတွေ့အကြုံရှိ ဆရာမ ဒေါ်ချိုချိုပြုံးက အပတ်စဉ်တနင်္လာနေ့မှ သောကြာနေ့အထိ သင်တန်းသားဦးရေ ၄၀ ကို သင်ကြား ပို့ချပေးမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံပင်လယ်ကူး သဘော်သားအလုပ်သမားများအဖွဲ့ချုပ်က အင်္ကီလိပ်စာအခမဲ့သင်တန်းအပြင် ကုန်းပတ်သဘော်သား အခြေခံလက်တွေ့သင်တန်းကိုလည်း အခမဲ့ပို့ချပေးလျက်ရှိသည်။

ယင်းသို့ ဖွင့်လှစ်ပေးလျက်ရှိရာ ကုန်းပတ်သဘော်သား အခြေခံလက်တွေ့သင်တန်းအမှတ်စဉ်(၄) ကို စက်တင်ဘာ ၇ ရက်က ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် သင်ကြား အထောက်အကူပြု ပစ္စည်းများဖြင့် ဆရာ ဦးသက်ထွန်း CDC 7507 နှင့် ဆရာ ဦးစအောင် ဌေး CDC 15200 တို့ နှစ်ဦးက အနီးကပ် သင်ကြားပို့ချကာ သင်တန်းကို အပတ်စဉ် စနေ၊ တနင်္လာနေ့တိုင်း ရက်သတ္တပတ်သုံးပတ်၊ နာရီပေါင်း ၃၆ နာရီကြာ သင်ကြားပို့ချသွားမည်ဖြစ်သည်။ ယင်းအပြင် သဘော်တက်ရာတွင် အထောက်အပံ့ဖြစ်စေရန်အတွက် သင်တန်ဆင်းလက်မှတ်နှင့်အတူ သုံးသပ် အမှတ်စာရင်းကိုပါ ထည့်သွင်းပေးအပ်မည် ဖြစ်ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

✻ MFF မှ

ဗိုလ်လုပွဲတွင် MIU အသင်းက Winner Soccer အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ MIU အသင်းသည် ပထမပိုင်းကတည်းက သုံးဂိုးသွင်းယူထားနိုင်ပြီး ဒုတိယပိုင်းတွင် နှစ်ဂိုးထပ်သွင်းခဲ့ခြင်းဖြစ်သည်။ MIU အသင်းအတွက် အနိုင်ဂိုးများကို သုံးမိနစ်တွင် မျိုးသက်အောင်၊ ငါးမိနစ်တွင် နာတာပတ်၊ ၇၊ ၂၄ မိနစ်တွင် ကွန်ဆန်၊ ၃၆ မိနစ်တွင် ကျော်ကျော်ထွန်းတို့က သွင်းယူခဲ့သည်။ Winner Soccer အသင်းအတွက် ချေပဂိုးတစ်ဂိုးကို လေးမိနစ်တွင် ကောင်းမြတ်က သွင်းယူသည်။ တတိယနေရာလုပွဲတွင် VUC အသင်းက ပြည့်စုံအသင်းကို ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ အသန့်ရှင်းဆုံးအသင်းဆုရ MIU အသင်းအား ဆုဖလားနှင့် ဆုကြေးငွေကျပ်ငါးသိန်း၊ အကောင်းဆုံးဂိုးသမားဆုရရှိသော မိုင်စိုးမြတ်ထွေး (MIU) အား ဆုနှင့် ဆုကြေးငွေကျပ်သုံးသိန်း၊ ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံးကစားသမားဆုရရှိသော မျိုးသက်အောင် (MIU) အား ဆုနှင့် ဆုကြေးငွေကျပ်သုံးသိန်း၊ စတုတ္ထဆုရရှိသော ပြည့်စုံအသင်းအား ဆုကြေးငွေကျပ် ၁၅ သိန်း၊ တတိယဆုရရှိသော VUC အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၂၅ သိန်း၊ ဒုတိယဆုရရှိသော Winner Soccer အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၅၀၊ ပထမဆုရရှိသော MIU အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ် ၇၅ သိန်းနှင့် ချန်ပီယံဆုဖလားတို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF

သောင်ရင်းမြစ်ရေ မြဝတီမြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၉

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၁ ဒသမ ၅၉ ပေ (၉ဖွဲ့ စင်တီမီတာ) အောက် လေးပေကျော် (၁၂၈ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၉-၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၂၁၅	၃၂၉၅	၃၂၇၀	၃၂၂၀	၃၂၉၅	၃၃၀၅	၃၃၂၀	၃၂၇၅	၃၄၀၀	၃၄၃၀	၃၂၈၅	၃၃၀၀	၃၃၃၀	၃၃၂၀	၃၃၃၀	၃၇၃၅	၅၂၅၀
95 Ron	၃၄၅၅	၃၄၃၅	၃၄၁၀	၃၃၆၅	၃၄၃၅	၃၄၅၀	၃၄၆၀	၃၄၁၅	၃၅၀၀	၃၅၂၀	၃၄၂၅	၃၄၄၀	၃၄၇၀	၃၄၆၀	၃၄၇၅	၃၈၀၅	၅၄၅၀
HSD (500 ppm)	၂၇၁၀	၂၇၉၅	၂၇၇၀	၂၇၂၀	၂၇၉၅	၂၈၀၅	၂၈၂၀	၂၇၇၅	၂၉၀၀	၂၉၃၀	၂၇၈၀	၂၈၀၀	၂၈၃၀	၂၈၂၀	၂၈၃၀	၃၂၃၅	၅၂၅၀
HSD (50 ppm)	၃၃၉၅	၃၄၇၅	၃၄၅၀	၃၄၀၀	၃၄၇၅	၃၄၉၀	၃၅၀၀	၃၄၅၅	၃၅၈၀	၃၆၁၀	၃၄၆၅	၃၅၆၀	၃၅၁၀	၃၅၀၀	၃၅၁၀	၃၉၁၅	၅၂၅၀
HSD (10 ppm)	၃၃၉၅	၃၄၇၅	၃၄၅၀	၃၄၀၀	၃၄၇၅	၃၄၉၀	၃၅၀၀	၃၄၅၅	၃၅၈၀	၃၆၁၀	၃၄၆၅	၃၅၆၀	၃၅၁၀	၃၅၀၀	၃၅၁၀	၃၉၁၅	၅၂၅၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၀၅၀	၃၀၄၄
95 Ron	၃၁၈၇	၃၂၀၄
HSD (500 ppm)	၂၅၆၄	၂၆၄၅
HSD (50 ppm)	၃၂၂၄	၃၃၁၈
HSD (10 ppm)	၃၂၂၄	၃၃၁၈

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



၂၀၂၄ ခုနှစ် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄) ရပ်

- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

လွိုင်ကော်မြို့ရှိ ဆရာ ဆရာမများအတွက် ဆန်၊ ဆီ၊ ကြက်ဥများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

နေပြည်တော် စက်တင်ဘာ ၉

ကယားပြည်နယ် လွိုင်ကော်မြို့ နမ့်ကွတ်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(နမ့်ကွတ်)ရှိ ဆရာ ဆရာမများအား ဆန်၊ ဆီ၊ ကြက်ဥများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ အမှေမေတ္တာအဆောင်၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာ ဆရာမများအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ဆရာမတစ်ဦးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာ ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား အာဟာရဖြည့် ကြက်သားဆန်ပြုတ်များ တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





ဒေါပုံမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း (၁/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဒေါပုံမြို့နယ်မီးသတ်ဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ ဒေါပုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်မင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ယူနီဖောင်းများပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းသားများအား မီးအတန်းအစား ခွဲခြားခြင်းပညာရပ်များ၊ မီးသတ်စက်များဖြင့်လေ့ကျင့်ခြင်း၊ မီးခိုးနှင့် အမှောင်ထုအတွင်း သွားလာလှုပ်ရှားခြင်းပညာရပ်များ၊ ရာဖွေကယ်ဆယ်ရေးပညာရပ်များဖြစ်သည့် အခြေခံကြိုးချည်နည်း၊ အသက်ရှူကိရိယာအသုံးပြုနည်းနှင့် လူနာသယ်ယူရွှေ့ပြောင်းနည်းစသည့်ပညာရပ်များကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။ သင်တန်းသို့ ဒေါပုံမြို့နယ်အတွင်းမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **ချစ်စုဝေ(ပြန်/ဆက်)**

တံတားမြို့နယ်၌ ဝါးလက်မှုပစ္စည်းထုတ်လုပ်မှု အသက်မွေးဝမ်းကျောင်း သင်တန်းဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး တံတားမြို့နယ်၌ ဝါးလက်မှုပစ္စည်းထုတ်လုပ်မှု အသက်မွေးဝမ်းကျောင်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ဘုရားကြီးကျေးရွာ သစ်တောကင်းစခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ဦးစွာ တံတားမြို့နယ် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးထွန်းအောကာက အဖွင့်အမှာ စကားပြောကြားပြီး ဝါးသင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်၊ ဝါးပင်များ၏ တန်ဖိုးရှိပုံနှင့် အကျိုးကျေးဇူးများ၊ ဝါးပင်များမှ ပေးစွမ်းနိုင်သည့်ထုတ်ကုန်များ၊ ဝါးလက်မှုပစ္စည်း ပြုလုပ်ပုံအဆင့်ဆင့်၊ ပြည်တွင်း ဈေးကွက်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။



ယင်းနောက် သင်တန်း ဆရာ ဆရာမများက ဝါးလက်မှုပစ္စည်း ပြုလုပ်ပုံ အဆင့်များ၊ မီးဖိုချောင်သုံး ပစ္စည်းများမှ ဝါးရွက်၊ သစ်ရွက်များဖြင့် အဝတ်အထည်များပေါ်သို့ ဆေးဆိုးပန်းရိုက် အလှဆင်နည်းများ သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ဖြစ်ကြောင်းသိရသည်။ **မျိုးလှိုင်**

ကျောင်းကုန်းမြို့နယ်၌ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်း ဖွင့်လှစ်ပေး

ကျောင်းကုန်း စက်တင်ဘာ ၉

ဧရာဝတီတိုင်ဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဦးစီး၍ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို ကျောင်းကုန်းမြို့နယ် ဆိပ်ဖူးနီကြီးကျေးရွာ အနန္တဂုဏ်ရည်ကျောင်းတိုက်၌ ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်ဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဖြိုးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို စက်တင်ဘာ ၉ ရက်မှ အောက်တိုဘာ ၈ ရက်အထိ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား ၁၀ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**



စစ်တောင်းမြစ်နှင့် မယ်ဆိုင်ချောင်း ရေကြီးခြင်းသတိပေးချက်

နေပြည်တော် စက်တင်ဘာ ၉

ယနေ့နံနက် ၇ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ပေ၀က်ကျော် (၁၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲအချိန် တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့ (လွယ်တော်ခမ်းကျေးရွာအုပ်စု)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၂ ဒသမ ၈၀ ပေ (၃၉၀ စင်တီမီတာ) အောက် နှစ်ပေခန့် (၅၈ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် တာချီလိတ်မြို့နယ်အတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

လူမှု ဘဝ

လူငယ်နှင့် အားကစား

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

လူငယ်များသည် အနာဂတ်၏ မျိုးဆက်များဖြစ်ရာ ရုပ်ကျန်းမာရေး၊ စိတ်ကျန်းမာရေး ပြည့်စုံသော၊ ကြံ့ခိုင်သည့် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်ရန် မိမိကိုယ်ကို ပျိုးထောင်ဖို့လိုပါသည်။ မိဘ၊ ဆရာတို့၏ လမ်းညွှန်ပံ့ပိုးမှုများလည်း လိုအပ်ပါသည်။ လူငယ်နှင့် အားကစားသည် ယှဉ်တွဲနေသောအရာဖြစ်သည်။ အားကစားသည် ကျန်းမာရေးအတွက် အထောက်အကူပြုသော စွမ်းအားတစ်ခုဖြစ်သည်။

ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်မှုတွင် အားကစားသည် ဖော်ရွေသောပြိုင်ဆိုင်မှု၊ အသင်းအဖွဲ့လိုက် လုပ်ဆောင်တတ်မှု၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်မှုတို့ဖြင့် အရေးပါသော အခန်းကဏ္ဍာတစ်ခုအဖြစ် ပါဝင်သည်။ အားကစားပြုလုပ်ခြင်းဖြင့် လူငယ်များသည် မိမိကိုယ်ကို ယုံကြည်မှုရှိလာကြသည်။ ပေါင်းသင်းဆက်ဆံရမှုကြောင့် မိမိတို့၏ စရိုက်လက္ခဏာကို ပြောင်းလဲတည်ဆောက်လာကြသည်။ အားကစားပြုလုပ်ခြင်းဖြင့် လူငယ်များသည် အနှိုင်အရှုံး ပဓာနမဟုတ်ဘဲ ယှဉ်ပြိုင်ခြင်းသာ အဓိကဟူသော စိတ်ဓာတ်ကို သိရှိနားလည်လာကြသည်။ ယှဉ်ပြိုင်ခြင်းမှ အတွေ့အကြုံသစ်များ ရရှိလာကြသည်။

လူငယ်များအတွက် အားကစား၏ အကျိုးကျေးဇူးများသည် မိမိတို့ဘဝ ရှင်သန်တိုးတက်ရေးတွင် များစွာအထောက်အကူပြုသည်။ အားကစားသည် လူငယ်တို့၏ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေး၊ စွမ်းရည်တို့ကို တိုးတက်မြင့်မားလာစေပြီး အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုကို ရရှိစေသည်။ လူငယ်များအတွက် အားကစား၏ ကိုယ်ကာယကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများကို စူးစမ်းလေ့လာကြည့်လျှင် အားကစားပြိုင်ပွဲများတွင် လူငယ်တို့၏ ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုသည် အရေးပါသည်။ ထိုသို့ ကျန်းမာကြံ့ခိုင်ရန် ကျန်းမာသန့်ရှင်းသော အစာအာဟာရကို စနစ်တကျစားသောက်မှုလည်း လိုအပ်သည်။ မိဘများအနေဖြင့် ကလေးဘဝ ဆယ်ကျော်သက်အရွယ်မှစ၍ ကိုယ်လက်လှုပ်ရှားမှု အလေ့အကျင့်များကို ပျိုးထောင်ပေးရန် လိုသည်။ ကျောင်းများတွင် ကျောင်းသားလူငယ်များအတွက် အားကစားလေ့ကျင့်ရန် နေရာများ (ဥပမာ- ကျောင်းဘောလုံးကွင်း၊ စားပွဲတင်တင်းနစ် စသည်) စီစဉ်ထားရှိရန်လိုသည်။

အားကစား၏ အကျိုးကျေးဇူးကြောင့် လူငယ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများသိရှိရန် မိဘ၊ ဆရာများက လမ်းညွှန်ပေးရန် လိုအပ်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုမှ ရှောင်ရှားနိုင်ရန် လမ်းညွှန်နိုင်သည်။ ကိုယ်လက်လှုပ်ရှား အားကစားကြောင့် လူငယ်များ၏ ကာယစွမ်းရည်၊ ခံနိုင်ရည်နှင့် ခွန်အားတို့ကို တိုးတက်စေနိုင်သည်။ အရိုးနှင့် ကြွက်သားများကို ပိုမိုကောင်းမွန်စွာ ဖွံ့ဖြိုးစေသည်။ ပိုမိုကောင်းမွန်သော အိပ်စက်ခြင်းကို ရရှိစေနိုင်သည်။ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ ပညာရေး၊ လူမှုရေး ပညာရေးစွမ်းဆောင်ရည်နှင့် လူမှုဆက်ဆံရေး အပိုင်းတွင် ဉာဏ်ရည်နှင့် အတွေးအခေါ် မြင့်တက် လာမည်ဖြစ်သည်။ လူငယ်များအနေဖြင့် အားကစားကို ပုံမှန်ပြုလုပ်ခြင်းဖြင့် ကျန်းမာသော အလေ့အကျင့်များ ဖွံ့ဖြိုးလာမည်။ ဤသို့ဖြင့် လူငယ်တို့၏ ဘဝတစ်သက်တာတွင် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည်။ ရေရှည်လေ့လာမှုတစ်ခုအရ အသက် ၉ နှစ်မှ ၁၈ နှစ်ကြား လူငယ်အားကစားတွင် ပါဝင်လုပ်ဆောင်သည့် ကလေးလူငယ်များသည် အရွယ်ရောက်ပြီးသူများကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ တက်ကြွနိုင်ခြေ ငါးဆမှ ခြောက်ဆ ပိုများသည်။


အားကစားသည် လူငယ်များအား စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာ ပေးသည်။ အားကစားပြုလုပ်သော လူငယ်များသည် စိတ်ဖိစီးမှုအဆင့်ကို လျော့ချနိုင်သည်။ စိတ်ဓာတ်ကျခြင်းဖြစ်နိုင်ခြေကို လျော့ကျစေသည်။ ကိုယ့်ကိုယ်ကိုယ် လေးစားမှုလည်း မြင့်မားလာသည်။ ကျောင်းသင်ခန်းစာများ လေ့လာဆည်းပူးရာတွင် လူငယ်တို့၏ သိမြင်နိုင်စွမ်းကို မြှင့်တင်ပေးသည်။ ထို့ပြင် လူငယ်တို့၏ တီထွင်ဖန်တီးမှုကို တိုးတက်စေသည်။ မိမိကိုယ်ကို တန်ဖိုးထားပြီး စိတ်ပျော်ရွှင်မှု ရှိစေသည်။

ထူးချွန်သော လူငယ်များ (ဥပမာ-လူရည်ချွန်) ကို လေ့လာကြည့်လျှင် ပညာရေးတွင် ထူးချွန်ရုံမျှမက အားကစား၊ လူမှုဆက်ဆံရေး၊ ပြင်ပဗဟုသုတ၊ ဉာဏ်ရည်၊ စာနာထောက်ထားမှု စသည့် အရည်အချင်းမျိုးစုံရှိနေသည်ကို တွေ့မြင်ရသည်။ ပိုမိုကောင်းမွန်သော အလုံးစုံပညာရေး စွမ်းဆောင်ရည်အတွက် အိုင်းတွင် ဉာဏ်ရည်နှင့် အတွေးအခေါ် မြင့်တက်သည်ကို တွေ့ရသည်။ စာသင်ခန်းတွင် ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။ ။

ထူးချွန်ခဲ့သော လူငယ်များသည် အားကစားစိတ်ဓာတ် အခြေခံဖြင့် လုပ်ငန်းခွင်ဝင်ရောက်ရာတွင်လည်း စွမ်းဆောင်ရည် မြင့်မားကြသည်။

လူငယ်များအနေဖြင့် အားကစားပြုလုပ်ခြင်းဖြင့် လူမှုဆက်ဆံရေးတွင် ရင်းနှီးသောမိတ်ဆွေ အပေါင်းအသင်းများစွာ ရရှိနိုင်သည်။ လူငယ်များသည် လူမှုဆက်ဆံရေးကျွမ်းကျင်ခြင်းဖြင့် ကျောင်းသားအချင်းချင်း အပြန်အလှန်ဆက်ဆံရေး၊ လုပ်ငန်းခွင်တွင် လူငယ်နှင့် လူကြီးဆက်ဆံရေး ပဋိပက္ခများကို ကျော်လွှားနိုင်မည်ဖြစ်သည်။ လူ့အဖွဲ့အစည်း၏ ပရဟိတလုပ်ငန်းများဖြင့် အသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်လိုစိတ် ရှိလာမည်ဖြစ်သည်။

လူငယ်များ၏ သဘာဝက တက်ကြွသည်။ ကြိုးစားလိုစိတ်ရှိသည်။ လမ်းသစ်ကို ဖောက်ချင်ကြသည်။ အသင်းအဖွဲ့အားကစားများသည် ပန်းတိုင်အောင်မြင်မှုရရှိရန် လူငယ်တို့အား အသင်းအဖွဲ့စိတ်ဓာတ်၊ ခွဲလုံလ၊ ဝီရိယ ပူးပေါင်းဆောင်ရွက်လိုမှုတို့ကို ဖန်တီးပေးသည်။ လူငယ်များသည် အားကစားအဖွဲ့တွင် ပါဝင်ကစားရင်း ဘဝတစ်လျှောက်လုံးအတွက် လိုအပ်မည့် ပေါင်းစည်းမှုအမျိုးအစား၊ အသင်းအဖွဲ့ တည်ဆောက်မှုစွမ်းရည်များကို ပိုမိုလေ့လာသိရှိနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ လူငယ်များအနေဖြင့် အားကစားပြုလုပ်ခြင်းဖြင့် ကာယ၊ ဉာဏ စိတ်ဓာတ်အပြင် အာရုံစူးစိုက်မှု၊ အကူအညီပေးမှု၊ ဆက်ဆံရေးကောင်းမွန်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အဂဲဖြတ်မှုစွမ်းရည်တို့ မြင့်မားတိုးတက်လာမည်



အောင်လံမြို့နယ်၌ ပဲတီစိမ်းသစ်များ လှိုင်လှိုင်ထွက်ပေါ်၍ အရောင်းအဝယ်ဖြစ်

မကွေး စက်တင်ဘာ ၉

မကွေး တိုင်းဒေသကြီး အောင်လံမြို့နယ် အတွင်းရှိ မြို့လှ (ရွာမ)၊ မြို့လှ(ချိုင်းစု)၊ မြို့လှ(ကျောင်းစု) စသည့် ကျေးရွာများတွင် ပဲတီစိမ်းသီးနှံကို အဓိကထား၍ နှစ်စဉ်စိုက်ပျိုးကြကြောင်း၊ ပဲတီစိမ်းသီးနှံကို တစ်နှစ်လျှင်မိုးနှင့် ဆောင်းနှစ်ရာသီစိုက်ပျိုးကြပြီး ယခုနှစ်တွင် ပဲတီစိမ်းစိုက်ဧက ၁၂၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်

မိုးပဲတီစိမ်းကို ဇွန်လဆန်းတွင် စတင်စိုက်ပျိုးကြပြီး သြဂုတ်လကုန်တွင် လှိုင်လှိုင် ထွက်ပေါ်လျက်ရှိကြောင်း၊ မျိုးအနေဖြင့် ပဲတီစိမ်း(မြင်းမုံ) မျိုးနှင့် ပဲတီစိမ်း(ကျောက်စိမ်း) မျိုးများကို စိုက်ပျိုးကြပြီး ပဲတီစိမ်း (မြင်းမုံ) မျိုးကို အများဆုံး စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲ၍ ကြဲပက်စနစ်ဖြင့် တစ်ဧကလျှင် မျိုးစေ့ ၅၅ပြည်ခန့် စိုက်ပျိုးရပြီး စိုက်ပျိုး ထုတ်လုပ်မှုအတွက် တစ်ဧကလျှင် ငွေကျပ် ၄၅၀၀၀ ခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ၁၆-၁၉ တင်းခန့်ထွက်ရှိပြီး စိုက်ပျိုးမြေအနေအထား၊ သီးနှံအောင်မြင် ဖြစ်ထွန်းမှုအပေါ် မူတည်၍ အထွက်နှုန်းများ ကွဲပြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် စက်တင်ဘာလ ပထမပတ်တွင် ပဲတီစိမ်း တစ်တင်းလျှင် ငွေကျပ် ၅၅၀၀၀-၅၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ဧကအကျိုးအမြတ်အနေဖြင့် ငွေကျပ် ၆၅၀၀၀၀ ခန့်ရရှိကြောင်း သိရသည်။



ဈေးကွက်အနေဖြင့် အောင်လံမြို့ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း၊ ပြည်ပဈေးကွက်အနေဖြင့် ရန်ကုန်မြို့မှတစ်ဆင့် တရုတ်၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သို့ တင်ပို့ကြောင်း၊ ပဲတီစိမ်းအထွက်နှုန်းမှာ ယခုနှစ်တွင် ယခင်နှစ်ကထက် ပိုမို ကောင်းမွန်သောကြောင့် တောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်များ ရရှိကြောင်း သိရသည်။


အထက်မင်းလှမြို့နယ်အတွင်း မိုးနေကြာစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ

မကွေး စက်တင်ဘာ ၉

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် တောင်ဦးကျေးရွာတွင် ဆီထွက်သီးနှံများကို စိုက်ပျိုးလျက်ရှိပြီး မိုးနေကြာသီးနှံ ဧက ၃၀ ခန့် စိုက်ပျိုးထားရှိရာ စက်တင်ဘာလ ပထမပတ်မှစတင်၍ ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

အစေ့ချစနစ်ဖြင့်စိုက်ပျိုး

နေကြာသီးနှံကို မေလနှင့်ဇွန်လတို့တွင် စိုက်ပျိုးပြီး စက်တင်ဘာလတွင် ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲ၍ အစေ့ချစနစ်ဖြင့် စိုက်ပျိုးပြီး မျိုးအနေဖြင့် ဆင်းရွှေကြာ -၂ မျိုးကို စိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် နေကြာမျိုးစေ့ နှစ်ပြည်ခန့် စိုက်ပျိုးရပြီး စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ငွေကျပ် ၂၅၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ၁၀-၁၃ တင်းခန့်ထွက်ရှိရာ ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးသည့်အတွက် အထွက်နှုန်းလျော့နည်းကြောင်း၊ ဈေးနှုန်းအနေဖြင့် နေကြာသီးနှံ တစ်တင်းလျှင် ငွေကျပ် ၇၀၀၀၀ ဖြင့် ရောင်းချရ၍ ယခုနှစ်တွင် ဈေးကောင်းရရှိပြီး အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ်ခြောက်သိန်းကျော်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မင်းလှမြို့ရှိ ဆီစက်လုပ်ငန်းရှင်များက ဝယ်ယူမှုများအပြင် မင်းလှမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် မိုးနေကြာသီးနှံ အထွက်နှုန်းလျော့နည်းသော်လည်း ဈေးကောင်းရရှိသောကြောင့် တောင်သူများထိုက်သင့်သည့် အကျိုးအမြတ်များရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။



တောင်တွင်းကြီးမြို့နယ်၌ ခရမ်းသီးဈေးကောင်းရ၍ တောင်သူများအဆင်ပြေ

မကွေး စက်တင်ဘာ ၉

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အတွင်းရှိ ညောင်ဝန်းကျေးရွာတွင် စားဖိုဆောင်သီးနှံဖြစ်သည့် ခရမ်းသီးကို မြေအောက်ရေတင်စနစ်ဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်တွင် ငါးဧကခန့် စိုက်ပျိုးထားကြောင်း သိရသည်။



မျိုးအနေဖြင့် အစိမ်းကြား ခရမ်းသီးမျိုးနှင့် ဆင်စွယ်ခရမ်းသီးမျိုးများကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် ခရမ်းမျိုးစေ့ ၁၉ ထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးရာတွင် အတန်းလိုက် ဘောင်ခတ်စနစ်ဖြင့် စိုက်ပျိုးရပြီး ခရမ်းမျိုးစေ့ကို ပျိုးထောင်၍ ၁၅ ရက်သားအရွယ်တွင် မြေချစိုက်ပျိုးရကြောင်း၊ ဇွန်လတွင် စတင်ပျိုးထောင်၍ စိုက်ပျိုးပြီး သြဂုတ်လဆန်းတွင် စတင်ထွက်ပေါ်လျက်ရှိရာ ယခုအချိန်တွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၁ သိန်းခန့် ကုန်ကျပြီး ပိသာချိန် ၁၅၀၀-၂၀၀၀ ခန့် ထွက်ရှိရာ စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ အထွက်နှုန်းကွဲပြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် စက်တင်ဘာလ ပထမပတ်တွင် ခရမ်းသီး လက်ကားဈေးတစ်ပိသာလျှင် ငွေကျပ် ၁၅၀၀-၂၀၀၀ ဖြင့် ရောင်းချပြီး ဈေးကွက်အနေဖြင့် တောင်တွင်းကြီးမြို့ပေါ်ရှိ ကုန်စိမ်းပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၁ သိန်းကျော်ခန့် ရရှိရာ ယခုနှစ်တွင် ခရမ်းသီးအထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိသောကြောင့် ထိုက်သင့်သည့် အကျိုးအမြတ်များ ရရှိကြောင်း သိရသည်။

သတင်းရင်းမြစ် - စီးပွား/ကူးသန်း

၉-၉-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

စဉ်	မြို့အမည်	ဆန်(တစ်ပြည်)			ဆီ(တစ်ပိဿာ)		စားဖိုဆောင်သုံး (တစ်ပိဿာ)												အသား၊ ငါး(တစ်ပိဿာ)				
		ဧည့်မထ	ငစိန်	ပေါ်ဆန်း	ပဲဆီ	စားအုန်းဆီ	ရေတံခြောက်	ကြက်သွန်နီ	ကြက်သွန်ဖြူ(ရှမ်းစ)	ကြက်သွန်ဖြူ (ကြူကုတ်)	နနွင်းတက်	ချင်း	ဆား	မြေပဲ	ကုလားပဲဝါ	မန်ကျည်းသီး	အာလူး	သကြား	ကြက်	ဝက်	အမဲ	ဆိတ်	ငါးမြစ်ချင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅	၁၆	၁၇	၁၈	၁၉	၂၀	၂၁	၂၂	၂၃	၂၄
၁	မြစ်ကြီးနား	၃၆၀၀		၇၁၀၀	၂၅၀၀၀	-	၁၉၀၀၀	၁၀၀၀၀	၂၄၀၀၀	၁၈၀၀၀	၁၂၀၀၀	၁၆၀၀၀	၂၀၀၀	၁၅၀၀၀	၁၂၀၀၀	၁၀၀၀၀	၄၀၀၀	၇၀၀၀	၂၅၀၀၀	၂၈၀၀၀	၂၈၀၀၀	၂၆၀၀၀	၃၅၀၀၀
၂	ကျိုင်းတုံ	၄၅၀၀		၇၄၀၀	၂၀၀၀၀	-	၁၆၀၀၀	၃၅၀၀	၁၅၀၀၀	၁၅၅၀၀	၁၀၁၀၀	၁၀၀၀၀	၂၅၀၀	၁၂၀၀၀	၉၀၀၀	၇၀၀၀	၄၀၀၀	၆၀၀၀	၁၉၀၀၀	၂၇၀၀၀	၂၅၀၀၀		၁၆၀၀၀
၃	တောင်ကြီး	၃၂၀၀	၃၄၀၀	၆၆၀၀	၁၈၀၀၀	၇၄၅၀	၁၈၀၀၀	၂၈၀၀	၁၃၅၀၀	၁၃၀၀၀	၇၅၀၀	၉၀၀၀	၆၀၀	၉၅၀၀	၇၅၀၀	၅၅၀၀	၄၀၀၀	၅၅၀၀	၁၄၅၀၀	၁၃၀၀၀	၁၀၀၀၀	၃၀၀၀၀	၁၆၀၀၀
၄	ဘားအံ	၃၆၀၀		၆၀၀၀	၂၀၀၀၀	၇၂၅၀	၁၄၀၀၀	၃၀၀၀	၁၇၀၀၀	၂၂၀၀၀	၁၀၀၀၀	၈၀၀၀	၁၅၀၀	၁၀၀၀၀	၈၀၀၀	၈၀၀၀	၆၅၀၀	၆၀၀၀	၁၄၀၀၀	၁၈၀၀၀	၁၈၀၀၀	၂၀၀၀၀	၉၀၀၀
၅	မော်လမြိုင်	၃၄၀၀		၅၄၀၀	၁၇၀၀၀	၇၂၂၀	၁၂၀၀၀	၃၀၀၀	၁၆၀၀၀	၂၅၀၀၀	၁၅၀၀၀	၁၂၀၀၀	၁၂၀၀	၁၀၀၀၀	၈၀၀၀	၉၀၀၀	၆၅၀၀	၆၀၀၀	၁၅၀၀၀	၂၄၀၀၀	၁၈၀၀၀	၃၀၀၀၀	၁၂၀၀၀
၆	ထားဝယ်	၃၅၀၀		၆၁၀၀	၁၈၅၀၀	၇၄၃၀	၁၄၀၀၀	၃၂၀၀	၁၈၀၀၀	၁၆၀၀၀		၁၂၀၀၀	၆၀၀	၁၁၀၀၀	၈၅၀၀	၅၅၀၀	၆၅၀၀	၆၂၀၀	၁၅၀၀၀	၂၅၀၀၀	၁၈၀၀၀	၂၄၀၀၀	
၇	မြိတ်	၃၇၀၀		၆၀၅၀	၁၇၀၀၀	၇၆၅၀	၁၃၅၀၀	၃၂၀၀	၁၄၀၀၀	၁၁၇၀၀	၉၀၀၀	၈၀၀	၁၂၅၀၀	၈၀၀၀	၈၀၀၀	၇၀၀၀	၆၅၀၀	၁၆၀၀၀	၂၀၀၀၀	၂၂၀၀၀	၂၅၀၀၀		
၈	ရန်ကုန်	၃၂၀၀		၅၄၀၀	၂၀၀၀၀	၇၀၀၀	၁၂၀၀၀	၃၀၀၀	၁၇၀၀၀	၂၁၀၀၀	၁၄၅၀၀	၉၀၀၀	၈၀၀	၇၅၀၀	၇၅၀၀	၉၀၀၀	၆၀၀၀	၅၈၀၀	၁၅၀၀၀	၂၄၀၀၀	၂၄၀၀၀	၃၀၀၀၀	၁၃၀၀၀
၉	ပုသိမ်	၃၂၀၀		၅၀၀၀	၂၀၀၀၀	၇၃၅၀	၇၅၀၀	၂၅၀၀	၁၅၀၀၀	၁၈၀၀၀	၇၀၀၀	၁၂၀၀၀	၃၀၀	၉၀၀၀	၇၀၀၀	၇၀၀၀	၆၀၀၀	၅၂၀၀	၁၂၀၀၀	၁၈၀၀၀	၁၈၀၀၀	၂၅၀၀၀	၁၀၀၀၀
၁၀	ဟားခါး			၈၅၀၀	၂၆၀၀၀	-	၄၅၀၀၀	၆၀၀၀	၂၅၀၀၀			၄၀၀၀	၁၂၀၀		၁၃၀၀၀		၆၀၀၀	၈၀၀၀	၂၀၀၀၀	၂၇၀၀၀	၂၈၀၀၀		၂၂၀၀၀
၁၁	မုံရွာ	၃၆၅၀	၃၂၀၀	၆၁၀၀	၁၅၀၀၀	၇၆၅၀	၁၂၀၀၀	၂၂၀၀	၁၃၅၀၀	၁၃၅၀၀	၁၀၅၀၀	၆၀၀၀	၁၀၀၀	၈၅၀၀	၈၃၀၀	၅၅၀၀	၃၅၀၀	၅၅၀၀	၁၂၀၀၀	၂၀၀၀၀	၁၆၀၀၀	၂၁၀၀၀	၁၀၀၀၀
၁၂	မန္တလေး	၃၃၀၀		၆၀၀၀	၁၈၀၀၀	၇၆၀၀	၁၁၀၀၀	၂၅၀၀	၁၅၀၀၀	၁၈၀၀၀	၈၀၀၀	၆၀၀၀	၈၀၀	၈၆၀၀	၇၅၀၀	၆၀၀၀	၄၅၀၀	၆၀၀၀	၁၄၀၀၀	၂၄၀၀၀	၂၄၀၀၀	၂၇၀၀၀	၁၄၀၀၀
၁၃	ပခုက္ကူ	၃၂၀၀		၅၈၀၀	၁၈၀၀၀	၇၅၀၀	၉၀၀၀	၂၃၀၀	၁၃၀၀၀	၁၆၀၀၀	၁၀၀၀၀	၆၀၀၀	၇၀၀	၉၅၀၀	၈၅၀၀	၇၀၀၀	၄၃၀၀	၅၀၀၀	၁၄၀၀၀	၂၀၀၀၀	၂၀၀၀၀	၂၀၀၀၀	၁၁၀၀၀
၁၄	မကွေး	၃၁၅၀		၅၇၀၀	၁၉၀၀၀	၇၄၅၀	၁၀၅၅၀	၂၅၀၀	၁၃၀၀၀	၁၄၀၀၀	၁၀၀၀၀	၇၀၀၀	၇၀၀	၆၅၀၀	၆၅၀၀	၄၀၀၀	၄၂၀၀	၅၀၀၀	၁၃၀၀၀	၁၄၀၀၀	၁၄၀၀၀	၁၆၀၀၀	၁၂၀၀၀
၁၅	ပြည်	၃၁၀၀		၅၃၀၀	၁၈၀၀၀	၇၄၀၀	၁၄၀၀၀	၂၈၀၀	၁၉၀၀၀	၂၀၀၀၀		၈၀၀၀	၆၀၀	၁၀၀၀၀	၇၂၀၀	၆၀၀၀	၅၅၀၀	၅၂၀၀	၁၃၀၀၀	၂၀၀၀၀	၁၆၀၀၀	၂၅၀၀၀	၁၃၀၀၀
၁၆	ပဲခူး	၃၀၀၀		၅၁၀၀	၁၇၅၀၀	၇၄၀၀	၈၅၀၀	၂၃၀၀	၁၄၀၀၀	၁၆၀၀၀	၆၀၀၀	၇၀၀၀	၄၅၀	၉၀၀၀	၇၅၀၀	၅၅၀၀	၅၁၀၀	၅၅၀၀	၁၃၀၀၀	၁၆၀၀၀	၁၅၅၀၀	၂၃၀၀၀	၇၀၀၀
၁၇	ပျဉ်းမနား	၃၀၀၀		၆၄၀၀	၁၈၆၀၀	၇၄၆၅	၁၁၅၀၀	၂၄၀၀	၁၃၈၀၀	၁၈၅၀၀	၈၀၀၀	၅၀၀၀	၅၀၀	၉၀၀၀	၇၆၀၀	၆၂၀၀	၃၆၀၀	၅၄၀၀	၁၆၅၀၀	၁၉၅၀၀	၁၉၅၀၀	၂၄၀၀၀	၁၁၈၀၀
၁၈	နေပြည်တော်	၃၀၀၀		၆၄၀၀	၁၉၀၀၀	၇၄၆၅	၁၂၀၀၀	၂၆၀၀	၁၄၄၀၀	၁၉၀၀၀	၈၅၀၀	၅၂၀၀	၅၀၀	၉၅၀၀	၈၀၀၀	၆၅၀၀	၃၈၀၀	၅၄၀၀	၁၄၀၀၀	၂၀၀၀၀	၂၀၀၀၀	၂၄၀၀၀	၁၂၀၀၀
၁၉	ကလေး	၃၆၀၀	၃၁၀၀		၁၇၅၀၀	၁၄၅၅၀၀	၂၅၅၀၀	၄၀၀၀	၁၆၀၀၀	၂၁၀၀၀	၁၀၀၀၀	၁၂၅၀၀	၁၅၀၀	၁၀၀၀၀	၉၅၀၀	၅၀၀၀	၆၀၀၀	၇၅၀၀	၂၁၀၀၀	၂၆၀၀၀	၂၆၀၀၀		၁၆၀၀၀

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ တိုက်အမှတ် (၁၆၂)၊ Tower B တွင် ဆောက်လုပ်ထားသော ၃-ခန်းတွဲ RC ၆-ထပ်၊ One 62 Residence အဆင့်မြင့်ကွန်ဒို အဆောက်အအုံ၏ အထပ် (တတိယထပ်)၊ အလွှာ (လေးလွှာ)၊ ဧရိယာ (1450) စတုရန်းပေ၊ အခန်းအမှတ် (B-302) ဟု ခေါ်တွင်သည့် တိုက်ခန်းနှင့် Basement + မြေညီထပ် Car Paking တစ်စီးထားရန်နေရာနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား စာချုပ်အဆက်အစပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ **ခေါ်နီလာအောင် (ဘ) ဦးသန်းအောင် [၁၂/လမတ(နိုင်)၀၀၂၅၄]**၊ အမှတ် (၈၀)၊ ၂၃-လမ်း၊ လာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေသူထံမှ ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)
တရားလွှတ်တော်ရှေ့နေ(စဉ်/၁၆၁၉၆)
ဖုန်း ၀၉-၅၁၇၁၄၃၃

ဒေါ်ခင်မြတ်သူ (H.GP,LL.B,D.M.L)
တရားလွှတ်တော်ရှေ့နေ(စဉ်/၇၅၁၅)
ဖုန်း ၀၉-၂၅၄၄၈၃၃၀

အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၄/စက်မူဇုန်)၊ စက်မူဇုန်(၂)၊ အင်းတော်လမ်း၊ မြေကွက်အမှတ်(၅၄၀)၊မြေအကျယ်အဝန်း (၄၁၀ပေ/၃၉၀ပေx၆၁၀ပေ/၆၁၀ပေ၉လက်မ)၊ ဧရိယာ(၀.၀၅၆) ဧက၊(၂၄၅၅)စတုရန်းပေရှိနှစ်(၆၀)စက်မူမြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိမြို့မြေစာရင်းတွင် **ဦးလှသိန်း [၁၂/ဗဟန(နိုင်)၀၃၃၇၉၈]** အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှမိမိတစ်ဦး တည်းသာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၀န်ခံကတိပြု၍အပြီးအပိုင် လွှဲပြောင်း ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကိုစီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ယဉ်ယဉ်ကြည်(LL.B)
(စဉ်-၁၁၄၀၆)
တရားလွှတ်တော်ရှေ့နေ

ဒေါ်စုစုလှိုင်(LL.B)
(စဉ်-၅၅၅၆၃)

ဒေါ်ချန်ပေါင်လူး(LL.B)
(စဉ်-၅၆၄၉၈)

ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး(LL.B)
(စဉ်-၅၆၆၆၂)
အထက်တန်းရှေ့နေများ

အမှတ်(၅၄၄/ခ)၊ သဒ္ဓါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၉-၄၃၁၁၄၆၅၄ ၊ ၀၉-၇၉၅၆၀၁၈၆၃၀၊၀၉-၇၉၆၃၀၈၀၂၁

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/သဘော်ကျင်း)၊ မြေကွက်အမှတ်(က/၇၁)ဟု ခေါ်တွင်သော အမှတ်(၈၉)၊ သဘော်ကျင်း(၈)လမ်း၊ သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ မြေအကျယ်အဝန်း(၂၅၀ပေx ၅၀ပေ)၊ ဧရိယာ(၀.၀၂၈)ဧက၊ (၁၂၅၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိမြို့မြေစာရင်းတွင် **ဦးထွန်းခင် [၁၂/ဗဟန(နိုင်)၀၂၂၀၆၆]**အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ဖခင်ဖြစ်သူမှာ ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏သားသမီးများ ဖြစ်ကြသော ၁။ဒေါ်ခင်နွဲ့ [၁၂/ဗဟန(နိုင်)၀၁၈၉၇၆]၂။ဒေါ်မေဝင်း [၁၂/အစန(နိုင်)၀၁၇၀၉၇]၊ ၃။ ဒေါ်စန်းနွဲ့ [၁၂/ဗဟန(နိုင်)၀၁၉၂၂၀]၊ ၄။ဒေါ်ခင်စန်းဖြင့် [၁၂/ဗဟန(နိုင်)၀၂၂၀၆၅]၊ ၅။ဒေါ်ခင်ဝင်းမေလေး [၁၂/ပဇတ(နိုင်)၀၀၈၂၉၈]၊ ၆။ဒေါ်သက်သက်ထွေး [၁၂/ဗဟန(နိုင်)၀၁၉၄၇၆]၊ ၇။ဒေါ်ဝင်းဝင်းမော် [၁၂/ဗဟန(နိုင်)၀၁၉၁၅၇]၊ ၈။ဦးဝိုးဝေ [၁၂/ဗဟန(နိုင်)၀၁၉၅၉၉]တို့မှ အမွေဆက်ခံပိုင်ဆိုင်ထားပြီး မိမိတို့သာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏ မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကအပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြု လုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ယဉ်ယဉ်ကြည်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၀၆)

ဒေါ်စုစုလှိုင်(LL.B)
(စဉ်-၅၅၅၆၃)

ဒေါ်ချန်ပေါင်လူး(LL.B)
(စဉ်-၅၆၄၉၈)

ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး(LL.B)(စဉ်-၅၆၆၆၂)
အထက်တန်းရှေ့နေများ

အမှတ်(၅၄၄/ခ)၊ သဒ္ဓါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၀၊ ၀၉-၇၉၆၃၀၈၀၂၁

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့၊ အ-ထ-က(၂) Grade-9 မှ မနေခြည်ဝင်းသူထွန်း၏ ဖခင်အမည်မှန်မှာ စောဆန်းဝင်းထွန်း [၁၀/သထန(နိုင်)၁၀၀၇၄၄] ဖြစ်ပါကြောင်း။

စောဆန်းဝင်းထွန်း

မြန်မာလိုင်စင်ရကန်ထရိုက်တာများ အများနှင့်သက်ဆိုင်သောကုမ္ပဏီလိမိတက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားခြင်း

မြန်မာလိုင်စင်ရကန်ထရိုက်တာများ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (M.L.C.P)၏ **"ဆဋ္ဌမအကြိမ် နှစ်ပတ်လည် အစုရှယ်ယာရှင်များ အထွေထွေအစည်းအဝေး"** အား ၂၉-၉-၂၀၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ တက်ရောက်ပေးနိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့် နေရာ၊ အချိန်နှင့် အသေးစိတ်အစီအစဉ်တို့အား ထပ်မံကြေညာပေးသွားမည်ဖြစ်ပါကြောင်း မေတ္တာရပ်ခံအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

Myanmar Licensed Contractors Public Co., Ltd.

လိပ်စာ-အမှတ်(၄၂၀)၊ ဒုတိယထပ်၊ ကုန်သည်လမ်း(၄၅ လမ်းထိပ်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၄၂၆၇၇၆၆၄၆၊ ၀၉ ၄၂၆၉၉၉၇၂
e-mail: mlcpcompany.ygn@gmail.com

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မြတ်ထွန်း (၁) လမ်း၊ အမှတ်(၁၀၀)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၃)၊ လူနေရပ်ကွက်အမှတ်-ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ်(က/၁၅၉)၊ အကျယ်အဝန်း (အလျား ၂၅ ပေ x ၅၀ ပေ) ရှိနှစ် (၆၀) ဂရန် မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (ခေါင်းရင်းဘက်ခြမ်း) (အလျား ၁၂ ပေခွဲ x ၅၀ ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အဆောက်အဦနှင့်တကွ လျှပ်စစ်မီတာ၊ ရေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးပါးပါး+ဂု ထံမှ ကျွန်မ ခေါ်အေးမြသီတာ [၁၂/ဗဟန(နိုင်) ၀၅၅၉၁၅] က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာ ရှိသည်ဟုယူဆသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ အရောင်းအဝယ်ကို အပြီးသတ်ဆက်လက်ဆောင် ရွက်သွားမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ဒေါ်အေးမြသီတာ [၁၂/ဗဟန (နိုင်) ၀၅၅၉၁၅]
အမှတ်-၁၆၁၊ ဇော်ဂျီလမ်း၊ ဆေးစက်လုပ်ကွက်၊
ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (က)၊ မြေကွက်အမှတ် (၂၁၉)၂၄၀၈/ပေ၊ မြေကွက်တည်နေရာအမှတ်(၂၁၉)၊ တုသီတာ(၁)လမ်း၊ (က) ရပ်ကွက်၊ **ဒေါ်ခင်ဆင်ထွန်း [၁၂/ဗတထ(နိုင်)၀၂၀၆၁၂]၊ ဒေါ်အမာ [၁၂/ဥကမ (နိုင်)၁၂၉၃၃၉]** အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား မြေအမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အမာ (မိခင်)သည် (၁၈-၉-၂၀၀၆)ရက်နေ့တွင်လည်းကောင်း၊ ဦးတင်အေး (ဖခင်)သည် (၇-၃-၂၀၀၃)ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏အစုအတွက် တစ်ဦးတည်းသော သားဖြစ်သူ ဦးကျော်ကျော်နိုင် [၁၂/ဥကမ(နိုင်)၀၆၉၀၄၄] မှလည်းကောင်း၊ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်ထွန်း(မိခင်)သည် (၇-၉-၂၀၀၀)ရက်နေ့တွင်လည်းကောင်း၊ ဦးထွေး(ဖခင်)သည် (၉-၁၁-၂၀၁၀) ရက်နေ့တွင်လည်းကောင်း ကွယ်လွန်ခဲ့ကြသဖြင့် ၎င်း၏အစုအတွက် တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်သန်းသန်းဆင့် [၁၂/ဥကမ(နိုင်)၁၃၀၉၁၃]မှလည်းကောင်း တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြသည့် တစ်ဦးတည်းသောသားနှင့် တစ်ဦးတည်းသောသမီးများ တော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိသည်မှာ မှန်ကန်ကြောင်း ကျွမ်းကျိန်လွှာအမှတ်-၁၀၃၇/၂၀၂၄ (၉-၇-၂၀၂၄)၊ ထောက်ခံကျွမ်းကျိန်လွှာ (၂) စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းအမှတ်-၄၁၊ လူနေရပ်ကွက်-ဏ/၁၄ ရပ်ကွက်၊ သုခမိန်လမ်း၊ ခြံမြေအမှတ်-၂၀၆၃(က+ခ)၊ ခြံမြေ အကျယ် အလျား ၄၀ ပေ x အနံ ၆၀ပေ၊ ဧရိယာ ၀.၀၅၅ ဧက၊ စတုရန်း ပေ ၂၄၀၀ပေ ဗိုလ်မျိုးဝိုးလွင် အမည်ပေါက် နှစ် (၆၀) ဂရန်မူရင်းနှင့်တကွ အထူးကိုယ်စားလှယ်လွှဲစာ၊ ဆက်စပ်စာချုပ်များကို လက်ဝယ်ရှိသူ မိမိသာ ပိုင်ဆိုင်ပြီး ရောင်းချွှဲပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးဇော်မင်း [၁၂/ရပသ(နိုင်)၁၀၉၅၅၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မော်မော်စန်း [၉/တသန(နိုင်)၁၃၇၂၂၂]မှ အပြီးအပြတ် ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ ခြံမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့် ဆက်သွယ်အကြောင်းကြားပေးပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်ကို အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မော်မော်စန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိုးစံပယ်ထွေး(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၄၆)
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၇၄၁၃၃၂၂

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းအမှတ်-၄၁၊ လူနေရပ်ကွက်-ထ/၁၆ ရပ်ကွက်၊ (၁)သံလွင်(၂)လမ်း၊ ခြံမြေအမှတ်-၃၆၂ (က+ခ)၊ မြေအကျယ်ပေ (အလျား ၄၀ပေx၆၀အနံ ၆၀ပေ)၊ (၂) အောင်ဇေယျ(၁၀) လမ်း၊ ခြံမြေအမှတ်-၃၆၃(က+ခ)၊ မြေအကျယ်ပေ (အလျား ၄၀ပေx၆၀အနံ ၆၀ပေ)၊ (၃) အောင်ဇေယျ(၁၀)လမ်း၊ ခြံမြေအမှတ်-၃၆၄ (က+ခ)၊ မြေအကျယ်ပေ (အလျား ၄၀ပေx၆၀အနံ ၆၀ပေ) စီရှိသော စုပေါင်းခြံမြေကွက်(၄)ကွက်တွဲစလုံးအား အမည်ပေါက်ပါမစ်မူရင်းများနှင့် (၇-၄-၂၀၁၁) ခုနှစ်နေ့စွဲပါ ဆက်စပ်စာချုပ်များကို လက်ဝယ်ရှိသူ မိမိသာပိုင်ဆိုင်ပြီး ရောင်းချွှဲပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးဝင်းဇော်(ဘ)ဦးရွှေဘို [၁၂/အစန (နိုင်)၀၄၄၈၇၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဘိုအောင် (ဘ) ဦးထွန်းရေ [၁၂/တမန(နိုင်)၀၆၅၂၁၆]မှ အပြီးအပြတ်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါခြံမြေများနှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့် တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ဆက်သွယ်အကြောင်းကြားပေးပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်ကို အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဘိုအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိုးစံပယ်ထွေး(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၄၆)
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၉၉၇၄၁၃၃၂၂

သက်ရိုကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ကမ္ဘာ့နံပါတ်တစ်တင်းနစ်ကစားသမား ဂျန်နစ်ဆင်းနား အမေရိကန်အိုးပင်းတင်းနစ်ဖလား ပထမဆုံးအကြိမ်ဆွတ်ခူး



ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ဂျန်နစ်ဆင်းနားဟာ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် စက်တင်ဘာ ၉ ရက်က အမေရိကန်တင်းနစ်ကစားသမား တေလာဖရစ်ဇ်နဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ဆင်းနားက အနိုင်ရရှိခဲ့တာကြောင့် အမေရိကန်အိုးပင်းတင်းနစ်ဆုဖလားကို ရယူနိုင်ခဲ့ပြီဖြစ်ပါတယ်။

အီတလီနိုင်ငံရဲ့ ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား ဂျန်နစ်ဆင်းနားဟာ အမေရိကန်တင်းနစ်ကစားသမား တေလာဖရစ်ဇ်ကို ၆-၃၊ ၆-၄၊ ၇-၅ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ဂျန်နစ်ဆင်းနားဟာ ဇန်နဝါရီလအတွင်းကလည်း ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့ပြီး ယခုနှစ်အတွင်း ဂရန်းဆလမ်း ဆုဖလားကို ဒုတိယအကြိမ် ရယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

အမေရိကန်တင်းနစ်ကစားသမား တေလာဖရစ်ဇ်ဟာ ၂၁ နှစ်တာကာလအတွင်း ဂရန်းဆလမ်း ဆုဖလားကို ပထမဆုံးအကြိမ်ဆွတ်ခူးနိုင်မယ့် အမေရိကန်တင်းနစ်ကစားသမား အဖြစ် မျှော်လင့်ထားတာဖြစ်ပေမယ့် ဂျန်နစ်ဆင်းနားကို ရှုံးနိမ်ခဲ့လို့ တေလာဖရစ်ဇ်ရဲ့ မျှော်လင့်ချက်လည်း ပျက်ပြယ်ခဲ့ရတာဖြစ်ပါတယ်။

ငွေကြယ်

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ်- ၈၈၅/က၊ အကျယ်အဝန်း(၂၀ပေ x၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မော်စက်ရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ်-၈၈၅/က ဟုခေါ်တွင်သည့် နေအိမ်အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးကျော်မျိုးထွန်း [၁၂/ဒလန(နိုင်)၀၈၆၁၀၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၅၂၇)
တိုက် C2A၊ အခန်း(၁၁၀)၊ (ပ-ထပ်)၊ Time Square Condo၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉- ၉၆၅၁၇၈၀၁၈၊ ၀၉- ၂၅၀၀၆၀၃၁၃

ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ အကြောင်းကြားစာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၇

၁။ ဦးဇော်ဝင်း(ခ)စရိုနား	နှင့် ၁။ ဦးတင်ဝင်း
၂။ ဦးလော်ဂါနသန်	၂။ ဦးသီဟ
၃။ ဦးဖိုးထောင်(ခ) ဦးလှမြင့်မောင်	၃။ ဦးမောင်မောင်
((၁)လျှောက်ထားသူ ကိုယ်တိုင်နှင့် (၂)(၃)	၄။ ဦးဘာဘူ
လျှောက်ထားသူတို့၏ အခွင့်ရကိုယ်စားလှယ်	၅။ဦးကျော်မင်းနိုင်(ခ) ကျော်ဇောဦး
(ရှရီမာရီယမ္မာန်	၆။ ဦးသန်းဌေး
ဘုရားကျောင်းဂေါပကအဖွဲ့)	၇။ ဦးအာရိုဂန်(ခ)ဦးမြင့်စိုး
	၈။ ဦးခင်မောင်အေး
	၉။ ဦးဂနေဆာ
	၁၀။ ဦးမြင့်ဇော်
	၁၁။ ဦးတင်မြင့်
	၁၂။ ဦးခရစ်ရှနာပါဒီ(ခ) ဦးအောင်သွင်
	၁၃။ ဦးထွန်းငြိမ်း
(လျှောက်ထားသူများ)	(လျှောက်ထားခံရသူများ)

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၁ ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ် ၂၁၂/၂၀၁၅ အမှုတွင် ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

လျှောက်ထားသူအမှတ်(၂) ဦးလော်ဂါနသန်နှင့်လျှောက်ထားခံရသူအမှတ်(၃)ဦးမောင်မောင်တို့ ကွယ်လွန်၍ ၎င်းတို့အား အမှုမှ ထုတ်ပယ်ခွင့်ပြု၍ အမှုအားဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားသူ အမှတ်(၁)(၃)တို့၏ လျှောက်ထားမှုအပေါ် သဘောထားတင်ပြရန် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ သရက်တော(တောင်)ရပ်ကွက်၊ သရက်တော(၅)လမ်း၊ အမှတ်(၈၆) နေ လျှောက်ထားခံရသူ အမှတ်(၅)ဦးကျော်မင်းနိုင်(ခ)ကျော်ဇောဦး၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဇေယျာသိဒ္ဓိ(၂)လမ်း၊ အမှတ်(၂၉)နေ. လျှောက်ထားခံရသူအမှတ်(၆) ဦးသန်းဌေး၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာ(၃)လမ်း၊ အမှတ်(၄၈၉)နေ လျှောက်ထားခံရသူအမှတ်(၇)ဦးအာရိုဂန်(ခ)ဦးမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဇေယျာမင်္ဂလာလမ်း၊ အမှတ်(၂၂)နေ လျှောက်ထားခံရသူအမှတ်(၈) ဦးခင်မောင်အေး၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဇေယျာသိဒ္ဓိ(၄)လမ်း၊ အမှတ်(၁၇၀)နေ လျှောက်ထားခံရသူ (၉) ဦးဂနေဆာ (ယခု နေရပ်လိပ်စာ မသိသူတို့) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်း လဆုတ် ၈ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၄) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(သဲသဲကျော်)
လက်ထောက်ညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇသူရလမ်း၊ တိုက်အမှတ်(၁၀၇၉)ဟုခေါ်တွင်သော တစ်လွှာချင်း အဆောက်အဦမှ ဒုတိယထပ်(၃လွှာ)၊ အကျယ်အဝန်း(၁၈X၅၄)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသောပစ္စည်းများ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိပြီး တိုက်ခန်းပိုင်ရှင်ဟု ဝန်ခံကတိပြုသူ ဦးအောင်မျိုးသူ [၁၂/သဃက(နိုင်) ၀၄၃၈၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးခင်မောင်ကြီး[၁၂/ဗဟန(နိုင်)၀၆၈၆၃၃]နှင့် ဒေါ်သန်းသန်းမြင့် [၁၁/သတန(နိုင်)၀၀၂၀၁၉]တို့က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)ဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းအောင် (LL.B,D.M.L,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၅၆)
Ph:09-421123371

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကွမ်းရွဲတန်းလမ်း၊ အမှတ်(၄၀)မြေကွက်ပေါ်ရှိ (၁)ခန်းတည်း (၇)ထပ်တိုက်၏ ၅-လွှာ၊ အကျယ်အဝန်း(၂၅x၅၀)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းတိုး[၁၂/အစန(နိုင်)၀၈၂၅၄၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းစည်သူ[၁၂/သကတ(နိုင်)၁၇၀၈၄၃]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မိုးခင်အိ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)
အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၄၃၀၇၁၁၄၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြလေးလမ်း၊ အမှတ်(၂၁၁)၊ မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၅)ထပ်တိုက်၊ ၅-လွှာ(ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၄x၅၄)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြသော ဒေါ်ရီရီဆွေ[၁၂/ဥကတ(နိုင်)၁၄၄၃၂၁]၊ ဦးထိန်လင်း[၁၂/ရကန(နိုင်)၀၆၇၀၅၀]၊ ဒေါ်မီမီဆွေ[၁၂/ရကန(နိုင်)၀၆၉၇၀၆]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးသက်ဝင်းမောင်[၁၂/သဃက(နိုင်)၀၉၀၅၂၃]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မိုးခင်အိ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)
အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၄၄၃၀၇၁၁၄၈

“လုပ်ငန်းအမှတ်တံဆိပ် အသိပေးကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရွှေဘုံသာလမ်း (အောက်ဘလောက်)၊ အမှတ် (၃၄/၄၀)တွင် တည်ရှိသော Lucky Diamonds Myanmar Company Limited သည် အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို မူပိုင်အဖြစ် သုံးစွဲရန် ရန်ကုန်တိုင်းဒေသကြီး စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် တင်သွင်းထားပြီး ဖြစ်ပါသည်-

လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသား

စာချုပ်အမှတ်-၂၈၅၈၆/၂၀၂၄/၁၅၅၁ (ရက်စွဲ ၂၂-၈-၂၀၂၄)

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အား လက်ဝတ်ရတနာ လက်လီလက်ကား ရောင်းဝယ်ရေးလုပ်ငန်းအတွက် အသုံးပြုသွားမည့် အပြင် ဆိုင်းဘုတ်၊ ဘလောက်၊ ကြော်ငြာအမျိုးမျိုး၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ စတေကာ၊ ပါကင်အိတ်၊ အဝတ်အထည်များ၊ ဗီနိုင်း၊ ပြက္ခဒိန်၊ LetterHead, Internet Email, Website, Facebook, Tiktok, Telegram, Instagram စသော နည်းပညာဆိုင်ရာ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် လည်းကောင်း ယင်းလုပ်ငန်းအမှတ်တံဆိပ်ကို ပြည်တွင်း၊ ပြည်ပများ၌ ကျယ်ပြန့်စွာ အသုံးပြုသွားမည်ဖြစ်ပါသည်။ ထို့ကြောင့် Lucky Diamonds Myanmar Company Limited ၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ ယင်းလုပ်ငန်းအမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ တစ်ခုလုံးကိုသော်လည်းကောင်း အတုအပပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှား ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် တုပသုံးစွဲခြင်း မပြုလုပ်ကြပါရန် သတိပေးတားမြစ်ပါသည်။ အကယ်၍ ထိုသို့ချိုးဖောက်တုပပြုလုပ် သုံးစွဲကြောင်းသိရှိရပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

Lucky Diamonds Myanmar Company Limited ၏ လွှဲအပ်ချက်အရ-
ဒေါ်အားဝင်နွဲ့(LL.B, D.B.L, D.I.P.L, D.I.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၆၆)
အမှတ်(၃၄/၄၀)၊ ရွှေဘုံသာလမ်း(အောက်ဘလောက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉ -၅၅၂၀၁၂၄

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အ-ထ-က (ညောင်ကုန်း) Grade-9 မှ မနွန်ထော၏ ဖခင်အမည်မှန်မှာ ဦးစိုး [၁၀/မဒန(နိုင်)၀၆၉၇၉၄]ဖြစ်ပါကြောင်း။
ဦးစိုး

ရွှေပြည်သာမြို့နယ် မြေကွက်များ အထူးဝယ်လိုသည်။
09-5139064

မိဘမေတ္တာ
ဒဂုံမြို့သစ်ဆိပ်ကမ်း၊ အင်ရှိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။
09 40 70 80 736

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ရပ်ကွက်၊ အကွက်အမှတ် ပ-၈၊ ဦးပိုင်အမှတ်(၄၇-ခ)၊ ၄၁x၄၂လမ်းကြား၊ ၅၉x၆၀လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးရန်ယူဆုံး [၁၃/ကခန(နိုင်)၀၂၄၃၂၂]၊ ဒေါ်မော်စိုင်ရင်း [၁၃/ကခန(နိုင်)၀၃၁၆၅၁]တို့ကအမှုတွဲအမှတ် (၃၆၄၇/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့်(၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈ ၊ မြေကွက်အမှတ်-၄၇၈၊ ၂၄၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၄၇၈)၊ နှယ်နီ(၁၃)လမ်း၊ (၈)ရပ်ကွက်၊ ဦးစစ်အောင် (AC-058403) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးစစ်အောင်(ခင်ပွန်း)သည် (၁၇.၁၂.၁၉၉၂)ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၁၆၄/၂၀၁၄/၁၇.၁.၂၀၁၄ ဖြင့် ရရှိသူ ဒေါ်ခင်ဥ(ဇနီး)သည် (၁၄.၈.၂၀၁၇) ရက်နေ့တွင်ကွယ်လွန်ခဲ့သဖြင့် ဒေါ်နီနီအောင် (S/OKA-၀၀၇၅၈၉) (၇/မညန (နိုင်) ၀၀၃၀၀၁)၊ စောအောင်မျိုးထွန်း (၁၂/ဥကမ (နိုင်) ၀၈၂၂၃) တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် သားနှင့်သမီးတော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာမှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၅၃၉/၂၀၂၄/ [illegible] ထောက်ခံချက်အရ [illegible] ကန့်ကွက်လိုပါက [illegible] ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူး)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကုန်ပစ္စည်းအမည်များဖြင့် ခွင့်ပြုချက်မရှိ အတုအပပြု ရောင်းချနေခြင်းအပေါ်အများသိစေရန်ကြေညာခြင်း

JASMINE BEAUTY COSMETICS PRODUCTS Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

(1)Mikeo Fiber (2) Mikeo Tomato (3) Mikeo Coffee တံဆိပ်ဖြင့် ပစ္စည်းများအား မြန်မာနိုင်ငံအတွင်း၌ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် JASMINE BEAUTY COSMETICS PRODUCTS Co.,Ltd နှင့် MIKEO 789 COSMETIC Co.,Ltd တို့ သည် ၂၀၂၄ခုနှစ် ဇွန်လ (၁၂)ရက်နေ့ ကတည်းက တရားဝင်လက်တွဲပြီး ပစ္စည်းတင်သွင်းခဲ့ခြင်းဖြစ်ပါသည်။ ထိုပစ္စည်းများ၏ အမှတ်တံဆိပ်ဖြင့် အတုအပပြုလုပ်ရောင်းချခြင်း၊ JASMINE BEAUTY COSMETICS PRODUCTS Co.,Ltd ၏ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ လူမှုကွန်ရက်စာမျက်နှာများပေါ်နှင့် Online Market များပေါ်တွင် ကြော်ငြာပြီး ရောင်းချနေခြင်း၊ အစရှိသည့်တို့ပြုလုပ်လာပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ကုမ္ပဏီ၏ နစ်နာမှုအရပ်ရပ်ကိုလည်း ပေးလျော်ရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသီဟထွန်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၈၆)
အမှတ်(၅)၊ စွန်းလွန်းလမ်း၊တောင်ပိုင်း၊ ဈေးကြိုရပ်၊ မော်လမြိုင်မြို့။
၀၉-၂၆၄၉၄၆၅၁၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ထူပါရုံ၊ မြေကွက်အမှတ် ၁၅၉၅/ခ ၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ် (၁၁၅)၊ ဇင်္ဂမလမ်း၊ ၁ ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးလှသိန်း(CI-၀၄၄၀၃၄)၊ ဒေါ်ရင်သန်း (NBN-၂၀၀၆၂၅)၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးလှသိန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ/ကျန်ပူးတွဲအမည်ပေါက်တစ်ဦးလည်း ဖြစ်သူ ဒေါ်ရင်သန်း (NBN-၂၀၀၆၂၅)မှ ကွယ်လွန်သူ ခင်ပွန်းပိုင်ဆိုင် သောအထက်ဖော်ပြပါ မြေကွက်အစုနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဇနီးဖြစ်သူ မိမိတစ်ဦးတည်းသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှအပ အမွေဆက်ခံရမည့်ဇနီး တစ်ဦးတစ်ယောက်မျှမကျန်ရှိပါကြောင်းကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန် မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးလှသိန်း(ခင်ပွန်း)၏ သေဆုံးမှု လက်မှတ် ပထမ မိတ္တူမှန်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့ကွက်သစ်၊ အေးသာယာရပ်ကွက်၊ သဇင်(၁၂)လမ်း၊ အကွက်အမှတ် (G-150) ဟုခေါ်တွင်သော ဦးကျော်စိုးပါ (၃)အမည်ပေါက် စလစ်မြေကွက်၏ အကျယ်အဝန်း (အလျား ၄၀ပေ x အနံ ၆၀ပေ)အတွင်းမှ (အလျား ၁၈ပေ x အနံ ၆၀ပေ အကျယ်) ရှိ မြေကွက်နှင့် ရေ + လျှပ်စစ်မီတာပါဝင်သည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရရှိပိုင်ဆိုင်ထားကြသည့် ဒေါ်စောဝတ်ရည် [၁၂/သကတ(နိုင်)၁၈၃၄၈၄]နှင့် ဒေါ်မေမွန်ကျော် [၁၂/သလန(နိုင်)၁၆၉၈၄၃]တို့ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးထွန်းထွန်းလှ [၁၂/သလန(နိုင်)၀၁၅၅၈၇] မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါ အိမ်ခြံမြေ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါပြီး (၁၄)ရက်အတွင်း ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အိမ်ခြံမြေ အရောင်းအဝယ်အား တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ -

ဦးကျော်ဇေယျ (LL.B)	ဒေါ်သန္တာဆွေ(LL.M)	ဒေါ်နော်ဆည်းဇာ(LL.B)
(စဉ် ၁၃၁၈၁/၁၇)	(စဉ် ၁၀၄၀၇/၁၅)	(စဉ် ၁၂၆၃၇/၁၇)
ဒေါ်မြင့်မြင့်သန်း (LL.M)		ဒေါ်ဝေမာနွယ် (LL.B)
(စဉ် ၁၃၂၄၀/၁၇)		(စဉ် ၁၄၇၁၁/၁၈)

တရားလွှတ်တော်ရှေ့နေများ
အမှတ်(၉)၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။
ဖုန်း - ၀၉-၄၂၂၈၁၁၁၈၊ ၀၉-၄၃၁၈၈၉၈၈

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မာလာလမ်းသွယ်(၁)၊ အမှတ် (၅)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ၊ (၅)ထပ်တိုက်မှ မြေညီထပ် (ခြေရင်းခန်း)တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေပိုင်ရှင်များထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးချစ်ထွန်း (၁၂/မဂတ (နိုင်) ၀၈၈၆၃၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်သဲနှစ် (LL.B., D.BL., D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၆၉)
အမှတ် (၅၀/ခ)၊ ၂-လမ်းသွယ် (၂)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း - ၀၉ ၄၀၁၆၂၀၈၀၆၊ ၀၉ ၅၉၉၂၆၀၉၅၃

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/ပုဗ္ဗသီရိမြေကွက်ရပ်၊ မြေကွက်အမှတ်(ပ-၁၂၅၅၁)ကို အမည်ပေါက် ဦးတင်ကိုကို(ဘ) ဦးတင်ထူး မှတ်ပုံတင်အမှတ် [၉/သစန(နိုင်)၀၂၇၄၅၆](တရားရုံး)ကိုယ်စား ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ ဘီလစာရင်းဖြစ်သူ ဦးကျော်ဆန်းဦး (၁) ဦးသုံးချောင်း၊ မှတ်ပုံတင်အမှတ် [၉/တကန(နိုင်)၁၀၃၉၂၄]မှ မြေပေးစာ(မိတ္တူမှန်) ထုတ်ပေးပါရန် မှတ်ပုံတင်အမှတ် အိမ်ထောင်စုစာရင်း၊ ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်(၄၀/၂၀၂၃)၊ တရားမဇာရီမှုအမှတ်(၄၀/၂၀၂၃)တို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အစရှိသည့် ခိုင်လုံသော အထောက်အထားများနှင့်တကွ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၀)ရက်အတွင်း နေ့ဝက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးစာ(မိတ္တူမှန်) လျှောက်ထားသူအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

“ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ ပြည်တော်ရပ်ကွက်၊ ဒါးပိန်လမ်းခွဲ ကွင်းအမှတ်(၁၁၄၆)၊ ကွင်းအမည်-ပန်းဘဲတန်းကွင်း၊ ဦးပိုင်အမှတ်(၃၃)၊ ဦးဘိုးငို-ဒေါ်သိန်းမေ အမည်ပေါက်၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေပုဒ်မ-၃(ခ)အရ အကျုံးမဝင်ကြောင်း ဝန်ခံချက် လက်မှတ်ရရှိသည့် မြို့မြေအမျိုးအစား ဧရိယာ(၀.၂၃၅)ဧက အနက်မှ အရှေ့လားသော်-ဦးသန်းလွင် ၏ အိမ်ခြံမြေ၊ အနောက်လားသော်- ဒါးပိန်လမ်းခွဲ၊ တောင်ဘက်လားသော်- ဦးစိန်မြင့်၏ အိမ်ခြံမြေ၊ မြောက်ဘက်လားသော်- ဒေါ်ချိုချိုလွင်၏ အိမ်ခြံမြေ၊ အဆိုပါအလား(၄)ရပ်အတွင်းရှိ အလျား(၂၃)ပေ၊(အလယ်-၂၀ပေ)၊ အနံ(၁၄၆)ပေ ၊ အနောက် အကျယ်(၁၂)ပေရှိ မြေကွက်နှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ပိုင်ဆိုင် ရောင်းချ စီမံခန့်ခွဲ ပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်တင်တင်အေး (ဘ) ဦးတင်လှ [၁၂/လကန(နိုင်)၁၂၀၄၃၇] ထံမှ လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နွေးနွေးစိန်မြင့်မှ အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လှည်းကူးမြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနသို့ဖြစ်စေ၊ ကျွန်ုပ်တို့ထံသို့ဖြစ်စေ အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ အဆိုရှိသည့် မည်သူမဆို ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများ၊ ပိုင်ဆိုင်မှုမှတ်တမ်း၊ စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်နွေးနွေးစိန်မြင့် ၏ လွှဲအပ်ချက်အရ -

ဦးမျိုးမင်းထွန်း LLB | **ဒေါ်သွဲ့သွဲ့အေး LL.B**

တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၂၅) | **အထက်တန်းရှေ့နေ(စဉ်-၃၄၇၄၁)**

အမှတ်(၃၉၆)၊ ပြည်တော်သာ(၆)လမ်း၊ ပြည်တော်သာရပ်ကွက်၊ လှည်းကူးမြို့။

ဖုန်း- ၀၉-၄၂၀၁၂၆၈၉၃၊ ၀၉-၉၇၄၁၂၂၀၉၅

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ်(၆/၃၁)ဟုခေါ်တွင်သော အလျား xအနံ (၂၅x၉၀)ပေရှိ မြေနှင့်ယင်းမြေပေါ်ရှိ မော်လမြိုင်ထမင်းဆိုင် အနောက်ဘက်တွင် လူနေ၂ ထပ်တိုက်တစ်လုံးဆောက်လုပ်ကာ ဦးသိန်းဝင်း [၁၂/အစန(နိုင်)၀၇၀၈၇၇]မိသားစု နေထိုင်လျက်ရှိပါသည်။ ယင်းမြေ မော်လမြိုင်ထမင်းဆိုင်၊ လူနေ ၂ ထပ်တိုက်တို့နှင့်ပတ်သက်၍ ဦးသိန်းဝင်း [၁၂/အစန(နိုင်)၀၇၀၈၇၇]၏ မိသားစုမှလွဲ၍ အခြားပိုင်ဆိုင်သူများမရှိပါ။ ယင်းပစ္စည်းများနှင့် ပတ်သက်၍မိသားစုသဘောတူညီမှုမရှိ မိသားစုသိရှိမှုမရှိဘဲ အခြားတစ်ပါးသို့ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းပြုလုပ်ခွင့်မရှိကြောင်းနှင့် ယင်းသို့ ပြုလုပ်ပါက တရားဝင်မှုမရှိဘဲ တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသိန်းဝင်း[၁၂/အစန(နိုင်)၀၇၀၈၇၇]၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှဦး

အထက်တန်းရှေ့နေ(စဉ်-၄၄၄၉၄)

အမှတ်-၂၄၊ ဗိုလ်ချုပ်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၆၁၆၀၆၀၆၁

(၁၉-၆-၂၀၂၄) ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်နှင့်မြေ အရောင်းအဝယ် စရန်ပေးကတိစာချုပ်အား ဖျက်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

(၁၉-၆-၂၀၂၄) ရက်စွဲပါ ရောင်းသူ ဒေါ်သဲအိအိဖြိုး [၁၂/ဥကတ (နိုင်) ၁၅၇၃၅၆]နှင့် ဝယ်သူ (၁) ဦးသူရမြင့် [၁၂/ပဘတ (နိုင်) ၀၂၉၄၁၃] (၂) ဒေါ်ပွင့်ဖြူအိ [၇/ပခတ(နိုင်)၀၄၄၆၃၀] တို့ပြုလုပ်ချုပ်ဆိုခဲ့ကြသည့် “နှစ်ဦးသဘောတူ အိမ်နှင့်မြေ အရောင်းအဝယ် စရန်ပေးကတိစာချုပ်” နှင့် (၂၆-၆-၂၀၂၄) ရက်စွဲပါ အဆိုပါ စရန်ငွေပေးချေခြင်းစာချုပ်နှင့်စပ်လျဉ်း၍ “ကန့်ကွက်နိုင်ကြောင်းအများ သိစေရန်ကြေညာချက်” တို့အား နှစ်ဖက်သဘောဆန္ဒအရ ဖျက်သိမ်းလိုက်ပြီ ဖြစ်ကြောင်းနှင့် ရောင်းချသူ ဒေါ်သဲအိအိဖြိုးအနေဖြင့် လွတ်လပ်စွာရောင်းချခွင့်ရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမျိုးညွန့်ဝင်း (စဉ်-၇၁၁၉)

H.G.P., LL.B., D.B.L., D.M.L, Post Graduate Dip. in Global English

ဒေါ်စောစန္ဒီစိမ့် (LL.B) (စဉ်-၁၇၅၂၁)၊ ဒေါ်အေးအေးမိုး (LL.B)(စဉ်-၁၇၉၄၅)၊

တရားလွှတ်တော်ရှေ့နေများ

ဒေါ်ခိုင်ခိုင်ဝေ (LL.B)

အထက်တန်းရှေ့နေ (စဉ်-၄၃၅၆၈)

အမှတ် (၅၈/၆၀)၊ ပထမထပ်၊ အခန်း (၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉-၇၉၅၅၄၅၄၈၂ ၊ ၀၉-၇၅၇၉၇၄၂၃၇ ၊ ၀၉-၅၀၂၆၈၄၆

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရလပ(မြောက်)၂၂၊ အလယ်ကျေးရွာအုပ်စု၊ ပဒုမ္မာလမ်း၊ မြေကွက်အမှတ်(၄၂၀)၏ မြေအကျယ်ပေ(၄၀ပေx၆၀ပေ)မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေအကျယ် (၂၀ပေ x ၆၀ပေ) (ခြေရင်းခြမ်း) မြေကွက် အပါအဝင် အဆောက်အဦ၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးညီညီ အမည်ပေါက် မြေချပါမစ်ထံမှ တစ်ဆင့် အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဦးကျော်ထူး ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်တင်တင်မူ [၉/တသန(နိုင်)၀၇၃၉၇၀]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဒေါ်သန်းသန်းမြင့် [၁၂/လသယ(နိုင်)၀၂၁၃၈၅]နှင့် ဒေါ်သေးသေး [၁၂/လယရ(နိုင်)၀၀၁၉၅၆]တို့မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းမြင့်နှင့် ဒေါ်သေးသေး တို့၏လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်မာလာခင် (LL.B)

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၃၄၃)

အမှတ်(၃၇၂)၊ စိန်ပန်းလမ်း၊ (၁/၁၁)ရပ်ကွက်၊

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၂၈၀၆၆၄၂

ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တတိယထပ်၊ တိုက် (၅)၊ အခန်း (၁၅) ဗိုလ်ကြီးမင်းအောင်အမည်ပေါက် အိမ်ရာတိုက်ခန်း (၁)ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်ခင်သီတာတင်** (၁၂/ဗဟန (နိုင်) ၀၀၇၉၄၄) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေငြာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ထက်ထက်ဦးမြင့် LL.B., D.I.L

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၆၅/၂၀၁၄)

အမှတ် - ၅၀၊ အခန်း (A-18)၊ ပ-ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၁၈၆၉၂၃၊ ၀၉ ၉၅၆၉၉၄၄၅၄

အများသိစေရန်ကြေညာခြင်း

